ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ပွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုး ဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက် လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 16 November 2017 ၉၁၁၀


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon.Rex Tillerson အား တွေ့ဆုံ

## မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအောင်မြင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုအတွက် ဆက်လက်ကူညီပံ့ပိုးပေးရေး၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson တို့ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး Hon.Rex Tillerson အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အောင်မြင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုအတွက် ဆက်လက်ကူညီ ပံ့ပိုးပေးရေး၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်မှာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ကိစ္စ၏ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




ကြေးမုံ

# အမှန်သက်သေပြု ကောင်းမှုလုပ်ဆောင်

မကြာသေးမီရက်ပိုင်းအတွင်းက မြန်မာနိုင်ငံအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာအဖွဲ့များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းအတွင်းရှိ အလယ်သံကျော်ကျေးရွာအနီး ပင်လယ်ကမ်းခြေတွင် ခေတ္တရောက်ရှိနေသည့် အစ္စလမ်ဘာသာဝင် ၂၀၀၀ ကျော်၊ မှိုဝင်ချောင်းဝနှင့် ဂေါ်ဒူသာရချောင်းဝကြား ပင်လယ်ကမ်းခြေတွင် ရောက်ရှိနေသည့် အစ္စလမ်ဘာသာဝင် ၇၀ ကျော်တို့အားတွေ့ဆုံ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာရခြင်း အကြောင်းရင်းတို့ကို စုံစမ်းမေးမြန်းကာ သတင်းရယူခဲ့ကြသည်။ တစ်ချိန်တည်းတွင် လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား နယ်မြေလုံခြုံရေးနှင့် ဖြေရှင်းဆောင်ရွက်ထားမှုတို့နှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းခဲ့သည်။

ထိုသို့တွေ့ဆုံမေးမြန်းခဲ့ရာတွင် တစ်ဖက်နိုင်ငံသို့ထွက်ခွာရန် ရောက်ရှိနေကြသည့် အစ္စလမ်ဘာသာဝင်များ၏ အသံများမှာ ညီတူညီညာ တူညီစွာဖြင့် တစ်သံတည်းထွက်ပေါ်ခဲ့သည်ကို တွေ့ရသည်။ ၎င်းတို့အားလုံး၏ဆန္ဒမှာ ၎င်းတို့၏ နေရင်းအရပ် တစ်ဖက်နိုင်ငံသို့သာ ပြန်လိုကြသည်ဟု ဆိုခဲ့ကြပြီး အစိုးရက ကူညီထောက်ပံ့ပေးမှု၊ နေရာချထားပေးမှု၊ ကာကွယ်စောင့်ရှောက်ပေးမှု အစစအရာရာ ပြုလုပ်ပေးမည်ဟု အတန်တန်ဆိုပါသော်လည်း တစ်ဖက်နိုင်ငံသို့သာ သွားလိုပါသည်ဟု အထပ်ထပ်ဆိုခဲ့ကြ၏။ ၎င်းတို့အား လုံခြုံရေးတပ်ဖွဲ့များက ခြိမ်းခြောက်ခြင်း၊ အနိုင့်အထက်ပြုခြင်း၊ မောင်းထုတ်ခြင်းရှိပါသလားဟု မေးသောအခါတွင်လည်း မရှိပါဟုသာ ဖြေခဲ့ကြ၏။ ၎င်းတို့အား အသိအမှတ်ပြုသည့် NVC ကတ်ကို ယူပါသလားဟု မေးမြန်းရာတွင် အများစုမှာ မယူပါ၊ အများဆန္ဒကြောင့် မယူခြင်းဖြစ်သည်ဟုသာဖြေကြပြီး ကတ်ယူသူတို့မှာ ၎င်းတို့ဘာသာဝင် ကျေးရွာလူကြီး အနည်းစုသာဖြစ်သည်ဟု ဆိုကြသည်။

အစွန်းရောက်အကြမ်းဖက်သမား သို့မဟုတ် ဆက်နွှယ်သူများ မဟုတ်သော ထိုဒေသမှ အစ္စလမ်ဘာသာဝင်များသည် ဒေသခံတိုင်းရင်းသားများနည်းတူ အကြောက်တရားများ၊ စိုးရိမ်စိတ်များ လွှမ်းမိုးနေသည်။ စိုးရိမ်စိတ်ဖြစ်ပေါ်လာအောင် ပြီးခဲ့သည့် ဩဂုတ်လ ၂၅ ရက် ဝန်းကျင်က ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များအား ARSA အစွန်းရောက်အကြမ်းဖက်သမားများက ဖမ်းဆီးပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ဩဂုတ်လ အစောပိုင်းတွင် ဘင်္ဂါလီကျေးရွာများမှ သတင်းပေးများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအဖွဲ့ဝင်များ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းခံခဲ့ရပြီး အစိုးရနှင့် ပူးတွဲလုပ်ကိုင်လျှင်၊ အစိုးရဥပဒေကို လိုက်နာလျှင် ဤသို့သေရမည်ဟု အကြမ်းဖက်သမားများက ပြုလုပ်ပြခဲ့ခြင်းဖြစ်ဟန်တူသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် အစောပိုင်းကာလတွင် ဘင်္ဂါလီရွာသားများအတွင်း စိမ့်ဝင်ကာ တစ်ယောက်ချင်းအမှည့်ခြွေခဲ့ပြီး ဩဂုတ်လ ၂၅ ရက်နေ့တွင် လုံခြုံရေးစခန်းများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ထိုးဖောက်တိုက်ခိုက်ပြီးနောက် ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်တို့ကို သတ်ဖြတ်ခြင်းဖြင့် အစွန်းရောက်လုပ်ရပ်ကို ပြသခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သောအရေးကိစ္စနှင့် ယင်းအရေးကိုအကြောင်းပြု၍ ရင်ဆိုင်နေရသောစိန်ခေါ်မှုများ၏ အဓိက လက်သည်မှာ ARSA အစွန်းရောက် အကြမ်းဖက်သမားများဟု ဆိုရမည်။

ယခုရက်များတွင် အကြမ်းဖက်သမားအချို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လွှဲပြောင်းပေးခြင်း၊ ကျေးရွာသားအချို့ အလစ်အငိုက်တိုက်ခိုက်ခံရခြင်း၊ အကြမ်းဖက်သမားနှင့်ပတ်သက်သူများအား ဖမ်းဆီးရမိခြင်း၊ အကြမ်းဖက်သမားတို့ ခိုအောင်းရာနေရာများ၊ လက်နက်ပစ္စည်းများ သိမ်းဆည်းရမိခြင်းတို့နှင့်အတူ သတင်းထောက်များ၏ လက်တွေ့ကျကျကွင်းဆင်းတွေ့ဆုံမေးမြန်းမှုများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် မှန်ကန်သော သက်သေ အထောက်အထားများဖြစ်သည်။

သို့ဖြစ်ရာ ဆင်သေကို ဆိတ်သားရေနှင့် ဖုံးမရဆိုသကဲ့သို့ အမှန်တရားများ ဤသို့ အထင်အရှား တွေ့မြင်နေပြီဖြစ်သည်။ အမှန်တရားကို မျက်ကွယ်ပြု၍ စွပ်စွဲပြောဆိုမှုများ၊ မမှန် အထောက်အထားများဖြင့် အကျပ်ကိုင်ဖိအားပေးမှုများမှာ စိတ်ပျက်ဖွယ်သာ ဖြစ်သော်လည်း အမှန်တရားကိုသက်သေပြုပြီး ကောင်းမြတ်သော လုပ်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်ကြမည်ဖြစ်သည်။ ။

## စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၅**

စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးယာယီ တာဝန်ခံ မစ္စတာကင်ဂျန်ဟန်၊ ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) မှ ဌာနေကိုယ်စားလှယ် ဒေါက်တာရှင်းအူချီယို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်တို့က စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကိုရီးယားသမ္မတနိုင်ငံသည် ၁၉၇၀ ပြည့်နှစ် သမ္မတပတ်ချုံဟီးလက်ထက်မှစ၍ ဆောင်ရွက်ခဲ့သည့် ဆယ်မာအူးလ်အွန်ဒုန်းစီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့ကမ္ဘာ့နိုင်ငံများအနက် စီးပွားရေးဖွံ့ဖြိုးမှု အဆင့် ၁၀၊ ပြည်ပတင်ပို့မှု အဆင့် ၆ အထိ တိုးတက်လျက်ရှိသည်ကို လေ့လာသိရှိပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အစီအစဉ်အရ ကိုရီးယားမှ မြန်မာနိုင်ငံအတွက် မြန်မာဆယ်မာအူးလ်အွန်ဒုန်းစီမံကိန်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် KOICA တို့ လက်မှတ်ရေးထိုးခဲ့ပြီး ဤစီမံကိန်းကို စတင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ မစ္စတာကင်ဂျန်ဟန်နှင့် KOICA ဌာနေကိုယ်စားလှယ် ဒေါက်တာရှင်းအူချီယိုတို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် KOICA ဌာနေကိုယ်စားလှယ်က စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းထံ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက တိုင်းဒေသကြီး ပြည်နယ်အလိုက် ထူးချွန်ဆုရရှိသော ကျေးရွာဆု ငါးဆုကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးယာယီတာဝန်ခံနှင့် KOICA ဌာနေကိုယ်စားလှယ်တို့က ထူးချွန်ကျေးရွာခေါင်းဆောင်ဆု ၁၀ ဆုကို လည်းကောင်း၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦးနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ကျေးရွာတာဝန်ခံ ထူးချွန်ဝန်ထမ်းဆု ၁၀ ဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် KOICA ဌာနေကိုယ်စားလှယ်က ကိုရီးယားသမ္မတနိုင်ငံမှ ချီးမြှင့်သော Korean Government's Commendation for Saemaul Service Award ဆုကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုအား ပေးအပ် ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာ မြန်မာဆယ်မာအူးလ်အွန်ဒုန်းခေါင်းဆောင် ဦးမြင့်ဦးက ဝဲကြီးကျေးရွာ၏ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းဆောင်ရွက်



**ရေး နိုဝင်ဘာ ၁၅**

ရေးမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ကလေးများအားလုံး ထိုးနှံပေး ဆောင်ပုဒ်နှင့်အညီ နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ဖွင့်ပွဲအခမ်းအနားနှင့် ဆေးထိုးနှံခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ရေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ဆေးထိုးနှံခြင်းလုပ်ငန်းကို အသက်(၅) နှစ်မှ (၁၅)နှစ်အထိ ကလေးငယ်များကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိနှင့် အသက်(၉)လမှ (၅) နှစ်အထိ ကလေးငယ်များနှင့် ပထမအကြိမ်တွင် ဆေးထိုးရန်ကျန်သော ကလေးငယ်များအား ထိုးနှံပေးမည်ဖြစ်ပြီး ရေးမြို့နယ်အတွင်းရှိ (၁၅) နှစ်အောက်ကလေးငယ် စုစုပေါင်း ၇၀၀၀၀ ကို ယနေ့မှစ၍ဆေးထိုးနှံပေးခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်(ရွှေဈေး) ၉၃၀၅၀၀ - ၉၃၂၀၀၀၊ မန္တလေး(ရွှေဈေး) ၉၂၉၀၀၀ - ၉၃၁၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၅၅/၇၆၅ ကျပ်၊ | ၇၉၀/၈၀၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၈၀၅/၈၁၅ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၇၇၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၇၅/၇၈၅ ကျပ်၊ | ၈၁၀/၈၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၂၅/၇၂၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၀/၇၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၀. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၈၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၃၁၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၆. ၄၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၈၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၄. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၄၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၆. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိလာရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများက ကြိုဆိုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် စင်ကာပူနိုင်ငံသို့ အာဆီယံ ဥက္ကဋ္ဌရာထူး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတို့သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာလာကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင် သံအမတ်ကြီး Mr. Edurado E. Kapunan နှင့် ဇနီး၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမြတ်နှင့် သံရုံးဝန်ထမ်းများက မနီလာအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးနှင့် ဖိလစ်ပိုင်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson တို့ တွေ့ဆုံဆွေးနွေးစဉ်။

☆ **ရှေ့ဖုံးမှ**

သိမ်မွေ့နက်နဲမှု၊ မြန်မာအစိုးရ၏ သဘောထားအမြင်နှင့် ကြိုးပမ်းဆောင်ရွက်နေမှုများကို ပိုမိုသိရှိနားလည်ရေးအတွက် ဖြစ်ကြောင်း၊ ဩဂုတ် ၂၅ ရက်တွင် အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် တစ်ဖက်နိုင်ငံသို့ နေရပ်စွန့်ခွာ ထွက်ပြေးသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ညှိနှိုင်းဆွေးနွေးနေမှုများကို ကြိုဆိုကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဩဂုတ် ၂၅ ရက်အထိ အမေရိကန်ဒေါ်လာ ၈၇ သန်း ပေးအပ်ခဲ့ပြီးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၇ သန်း ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

**အကူအညီပေးအပ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်တွင် ရေရှည်တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်၌ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နေရပ်စွန့်ခွာထွက်ပြေးသူများအား စိစစ်ပြီး ပြန်လည်နေရာချထားရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးရှိ လူငယ်များမှ စေတနာ့ဝန်ထမ်းအဖြစ် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD မှ ကြိုးပမ်းဆောင်ရွက်နေမှုများ စသည်တို့ကို ထည့်သွင်း ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

**သတင်းစာရှင်းလင်း**

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson တို့က အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားကြသည်။

**ဆွေးနွေးမှုများ ပြုလုပ်နေရမည်**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များ၏ မေးမြန်းချက်များအပေါ် ဖြေကြားရာတွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား လက်ရှိဆွေးနွေးမှုများမှာ အားရကျေနပ်စရာကောင်းကြောင်း၊ သင့်တော်သောအဖြေ မရရှိသရွေ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေရမည်ဖြစ်ကြောင်း၊ မြန်မာအစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နေရပ်စွန့်ခွာထွက်ပြေးသူများ နေရပ်ပြန်ရောက်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့်ပူးပေါင်း၍ နယ်စပ်ဒေသများရှိနေထိုင်သူများအားလုံး အကာအကွယ်ပေးရန် လိုအပ်ကြောင်း။

**အကြမ်းဖက်မှုများ ရပ်တန့်ရန်လိုအပ်**

လူမျိုးတုံးသတ်ဖြတ်မှုဟူသော စွပ်စွဲချက်များနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုကို အရေးတကြီးလုပ်ဆောင်ရန် တိုက်တွန်းလိုကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ ချောမောစွာ ပြန်လာနိုင်ရေးအတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရန်လိုကြောင်း၊ ထို့အတူ ယင်းဒေသရှိ လူများအားလုံး လူမျိုး၊ ဘာသာမခွဲခြားဘဲ အကာအကွယ်ပေးရန် လိုအပ်ပြီး အကြမ်းဖက်မှုများကိုလည်း ရပ်တန့်ရန် လိုအပ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူမျိုးတုံးသတ်ဖြတ်မှု အသုံးအနှုန်းနှင့်ပတ်သက်ပြီး သတင်းအချက်အလက်ခိုင်လုံပါမှ အတည်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ခြင်းဖြင့် လက်ရှိဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အောင်မြင်မှုကို မြင်တွေ့လိုကြောင်း၊ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သည်ဆိုသော သတင်းများ ထွက်ပေါ်လာခြင်းနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အလွန်အမင်း စိုးရိမ်မိကြောင်း၊ ရခိုင်ပြည်နယ်ပြဿနာနှင့် ပတ်သက်၍ လက်ရှိအချိန်တွင် မြန်မာနိုင်ငံကို ပိတ်ဆို့အရေးယူမှု ပြုလုပ်ခြင်းသည် ကောင်းမွန်သောနည်းလမ်းတစ်ရပ် မဟုတ်နိုင်ကြောင်း။

**ဆက်လက်ပံ့ပိုးမည်**

မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို ဆက်လက်ကူညီရန် မိမိတို့ သန္နိဋ္ဌာန်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးသည် မိမိတို့၏ ထိပ်တန်း ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရနှင့် တပ်မတော်တို့အနေဖြင့် ရခိုင်အကျပ်အတည်း ဖြေရှင်းရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်အောင်မြင်မှုကို မိမိတို့ မဟန့်တားလိုသည့်အပြင် ရရှိပြီး တိုးတက်မှုများကိုလည်း မဆုံးရှုံးစေလိုကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်မည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ဖွံ့ဖြိုးရေးအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုက ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာထွက်ပြေးသူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၄၇ သန်း ထပ်မံပေးအပ်မည်ဖြစ်ကြောင်း၊ ဩဂုတ် ၂၅ ရက်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၇ သန်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် အမေရိကန်နိုင်ငံက ဆက်လက်ပံ့ပိုးမည်ဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ဆောင်ချက်များကို အပြုသဘောဖြင့် ထောက်ခံကြောင်း ပြောကြားသည်။

**အကျပ်အတည်းကို ဖြေရှင်းရန် ကြိုးပမ်း**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားရာတွင် မိမိတို့ အစိုးရအနေဖြင့် ရခိုင်ပြည်နယ် အကျပ်အတည်းကို ဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နေရပ်စွန့်ခွာထွက်ပြေးသူများ နေရပ်ပြန်ရောက်ရန် အစီအစဉ်များ ရေးဆွဲကာ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထို့အတူ ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် UEHRD ကို ဖွဲ့စည်းကာ လုပ်ငန်းစတင်အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် အကျပ်အတည်းနှင့်ပတ်သက်ပြီး မိမိက ရေငုံနှုတ်ပိတ်နေသည်ဟု ပြောလာကြသည်မှာ မိမိစဉ်းစား၍ မရကြောင်း၊ အမှန်တကယ်မှု မိမိနှုတ်ငုံပိတ်နေခဲ့ခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံသားဟု မိမိကိုယ်ကိုမိမိ သက်သေပြနိုင်သူများကို မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးကို ဖော်ဆောင်**

ဆက်လက်၍ ၎င်းက မိမိ နိုင်ငံရေးလုပ်ရာတွင် ဩဇာကြီးမားရန်မဟုတ်ဘဲ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူများခံစားရရန်အတွက်ဖြစ်ကြောင်း၊ နိုင်ငံရေးလုပ်သည့်အခါ အတိုက်အခိုက်ခံရသည်မှာ အထူးအဆန်းမဟုတ်ကြောင်း၊ ယခင်က ပြည်တွင်းမှာရော ပြည်ပမှာပါ တိုက်ခိုက်ခံနေရကြောင်း၊ ယခုအခါမှာ ပြည်တွင်းတိုက်ခိုက်မှု မရှိသလောက်ဖြစ်သွားပြီး ပြည်ပတိုက်ခိုက်မှုများ ရှိနေကြောင်း၊ နိစ္စဓူဝ တာဝန်ထမ်းဆောင်ရာတွင် ရင်ဆိုင်ရမည့် ကိစ္စဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိပါက အရေးကြီးဆုံးဖြစ်သော ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**



# တရုတ်သမ္မတရှီကျင့်ဖျင်၏ အထူးသံတမန် မြောက်ကိုရီးယားသို့ သွားရောက်မည်

**ပေကျင်း နိုဝင်ဘာ ၁၅**

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အထူးသံတမန်ဖြစ်သည့် အထက်တန်းသံတမန်တစ်ဦးသည် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အစိုးရက နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

တရုတ်အထူးသံတမန်သည် မြောက်ကိုရီးယား၏ အဏုမြူနှင့် ပဲ့ထိန်းဒုံးကျည်လက်နက် အစီအစဉ်များနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း ရိုက်တာ သတင်းဌာနက ရေးသားဖော်ပြသည်။

မြောက်ကိုရီးယား အကျပ်အတည်းအပေါ် သံတမန်ရေးနည်းလမ်းအရ အဖြေရှာရန် တရုတ်နိုင်ငံက ထပ်တလဲလဲ တိုက်တွန်းခဲ့သော်လည်း မကြာသေးမီလများအတွင်း တရုတ်နိုင်ငံက မြောက်ကိုရီးယားသို့ အဆင့်မြင့်ပုဂ္ဂိုလ်အဆင့်စေလွှတ်မှုကို အကန့်အသတ်ဖြင့်သာ ပြုလုပ်ခဲ့သည်။

တရုတ်အစိုးရ၏ မြောက်ကိုရီးယားဆိုင်ရာ အထူးသံတမန်သည် မြောက်ကိုရီးယားသို့ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလအတွင်း နောက်ဆုံးအကြိမ် သွားရောက်ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ ပြည်ပရေးရာဌာန အကြီးအကဲ ဆောင်တောင်း(**ဝဲပုံ**)သည် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်သမ္မတ၏ အထူးသံတမန်သည် တရုတ်ကွန်မြူနစ်ပါတီ၏(၁၉)ကြိမ်မြောက် အမျိုးသားကွန်ဂရက်နှင့် ပတ်သက်၍ မြောက်ကိုရီးယားနိုင်ငံသို့ သတင်းစကားပါးရန်နှင့် လည်ပတ်ရန်သွားရောက်မည်ဟု ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။ တရုတ်သမ္မတ၏ အထူးသံတမန် မြောက်ကိုရီးယားသို့ လာရောက်မည်ဟု ကေစီအင်န်အေသတင်းဌာနက အတည်ပြုသော်လည်း လာရောက်မည့်နေ့ရက်ကို အတိအကျ ဖော်ပြခြင်း မရှိပေ။

**ဆင်ဟွာ။**

# တရုတ်နိုင်ငံအဝေးပြေးလမ်းမပေါ်တွင် ကားများဆင့်ကဲတိုက်မှုဖြစ်ပွား၊ လူ ၁၈ ဦးသေဆုံး

**ပေကျင်း နိုဝင်ဘာ ၁၅**

တရုတ်နိုင်ငံအဝေးပြေးလမ်းမတစ်ခုပေါ်တွင် ကားများဆင့်ကဲတိုက်မိခဲ့ရာ လူပေါင်း ၁၈ ဦးသေဆုံးခဲ့ပြီး ၂၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါဖြစ်စဉ်သည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဖူယန်မြို့အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကားအစီး ၃၀ ကျော် ဆင့်ကဲတိုက်မိခဲ့ခြင်းဖြစ်သည်။ တိုက်မိခဲ့သောကားများတွင် ဘတ်စ်ကားတစ်စီးပါဝင်ပြီး ကားအများစုသည် မီးလောင်ကျွမ်းသွားခဲ့သည်။

မီးသတ်သမားများနှင့် ကယ်ဆယ်ရေးလုပ်သားများက အခင်းဖြစ်ပွားရာသို့ ရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ကားများမီးလောင်ကျွမ်းမှုကို သုံးနာရီကြာ မီးငြိမ်းခဲ့ရကြောင်း သိရသည်။

လူပေါင်း ၂၁ ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

အခင်းဖြစ်ပွားရာမှ မီးခိုးငွေ့များ ကောင်းကင်ယံသို့ ပျံတက်သွားပုံများကို နိုင်ငံပိုင်ရုပ်သံလိုင်း စီစီတီဗွီက ထုတ်လွှင့်ခဲ့သည်။

ယင်းသို့ ကားများဆင့်ကဲတိုက်မိခြင်း၏ အဓိကအကြောင်းရင်းမှာ မြူနှင်းများ ထူထပ်စွာကျနေသည့်အတွက် မြင်ကွင်းသဲကွဲမှုမရှိသဖြင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဒေသန္တရမီဒီယာများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# သမ္မတ မူဂါဘီအား ဝန်းရံထားသော ရာဇဝတ်ကောင်များကို ရှင်းလင်းနိုင်ရန် နိုင်ငံတော်ကို ထိန်းချုပ်လိုက်ကြောင်း ဇင်ဘာဘွေတပ်မတော်ပြော

**ဟာရာရေး နိုဝင်ဘာ ၁၅**

ဇင်ဘာဘွေတပ်မတော်သည် နိုင်ငံတော်ကို ထိန်းချုပ်လိုက်ပြီဟု နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ သမ္မတမူဂါဘီအား ဝန်းရံထားသော ရာဇဝတ်ကောင်များကြောင့် ပြည်သူတို့မှာ လူမှုရေးနှင့် စီးပွားရေးတို့အရ ဒုက္ခများခံစားနေကြရသဖြင့် ယင်းရာဇဝတ်ကောင်များကို ဖြိုခွင်းနိုင်ရန် ရည်ရွယ်၍ လုပ်ဆောင်ရခြင်းဖြစ်သည်ဟု စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနမှတစ်ဆင့် ထုတ်ပြန်ကြေညာလိုက်ကြောင်း ရိုက်တာ သတင်းဌာနက ရေးသားဖော်ပြသည်။

ဇင်ဘာဘွေတပ်မတော်သားများသည် နိုင်ငံပိုင်ရုပ်မြင်သံကြားဌာန အဆောက်အအုံကို ညတွင်းချင်း သိမ်းပိုက်ခဲ့သည်။ မိမိတို့၏ အထူးလုပ်ငန်းတာဝန် ပြီးစီးသည်နှင့် မကြာမတင်မှာပင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိမည်ဟု မျှော်လင့်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သမ္မတ မူဂါဘီကို ဝန်းရံနေသော ရာဇဝတ်ကောင်များကို ပစ်မှတ်ထားနိုင်ရန် ဇင်ဘာဘွေစစ်ဘက်က နိုဝင်ဘာ ၁၅ ရက် အစောပိုင်းတွင် နိုင်ငံတော်ကို ထိန်းချုပ်လိုက်သည်ဟု ဆိုသော်လည်း အသက် ၉၃ နှစ်အရွယ်ရှိ သမ္မတရောဘတ်မူဂါဘီနှင့် ၎င်း၏ မိသားစုတို့မှာ လုံခြုံစွာရှိနေကြောင်း ဗိုလ်ချုပ် အက်စ်ဘီမိုယိုက နိုင်ငံပိုင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

ထိုစဉ်အတွင်း အတိုက်အခံပါတီဖြစ်သော ဒီမိုကရေစီ ပြောင်းလဲရေးလှုပ်ရှားမှုအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းသို့ ငြိမ်းချမ်းစွာ ပြန်သွားရန် တိုက်တွန်းခဲ့သည်။

ဇင်ဘာဘွေနိုင်ငံ၏ ဒုတိယသမ္မတအား ရာထူးမှဖယ်ရှားခဲ့ခြင်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့် အငြင်းပွားမှု အဆုံးသတ်စေရေးအတွက် ကြားဝင်ဆောင်ရွက်ရလိမ့်မည်ဟု ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးက ပြောကြားခဲ့ခြင်းသည် နိုင်ငံတော် သစ္စာဖောက်မှု လုပ်ရပ်ဖြစ်သည်ဟု အာဏာရပါတီ ဇနူးပီအက်ဖ်က စွပ်စွဲခဲ့သည်။

ဇင်ဘာဘွေတပ်မတော်နှင့် သမ္မတမူဂါဘီဦးဆောင်သော အာဏာရပါတီတို့အကြား တင်းမာမှုမြင့်တက်ခဲ့ပြီးနောက် စစ်ယာဉ်များနှင့်စစ်သည်များသည် နိုဝင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် မြို့တော် ဟာရာရေးသို့ ဦးတည်သွားရောက်ခဲ့ရာ သမ္မတ မူဂါဘီအား ရာထူးမှ ဖယ်ရှားနိုင်ရန် စစ်ဘက်က အာဏာသိမ်းတော့မည်ဟု ပြည်သူများအတွင်း ထင်ကြေးပေးပြောဆိုမှုများ ပေါ်ထွက်ခဲ့သည်။



မြို့တော် ဟာရာရေး၌ ပေါက်ကွဲသံများပေါ်ထွက်ခဲ့ပြီး စစ်သည်များက အစိုးရ အဆောက်အအုံများကို ထိန်းချုပ်ထားသဖြင့် အာဏာသိမ်းသည့် လက္ခဏာဖြစ်ကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

ဇင်ဘာဘွေ ဘဏ္ဍာရေးဝန်ကြီး အီဂါနားတပ်ချွမ်ဘိုအား စစ်ဘက်က နိုဝင်ဘာ ၁၅ ရက်တွင် ထိန်းသိမ်းခဲ့ကြောင်း အစိုးရသတင်းရပ်ကွက်က ပြောကြားသည်။ ချွမ်ဘိုသည် အာဏာရဇနူးပီအက်ဖ်ပါတီ၏ ဂျီ-၄၀ ဟု အမည်တွင်သော အုပ်စုမှ ထိပ်တန်းအဖွဲ့ဝင်ဖြစ်သည်။

အာဏာရပါတီရှိ မိမိ၏ မဟာမိတ်များ ရာထူးဖယ်ရှားခံရမှု အဆုံးသတ်စေရေးအတွက် ကြားဝင်ဆောင်ရွက်မည်ဟု စစ်ဘက်ဆိုင်ရာ အကြီးအကဲ ဗိုလ်ချုပ်ကြီး ကွန်စတာတီနိုချီဝန်ဂါက ပြောကြားခဲ့အပြီး ၂၄ နာရီမျှသာကြာမြင့်ချိန်တွင် မြို့တော် ဟာရာရေးတစ်ဝန်း၌ တပ်ဖွဲ့များကို ဖြန့်ကြက်ခဲ့သည်။

**ရိုက်တာ။**

# တောင်ကိုရီးယား၌ မြေငလျင်လှုပ်မှုဖြစ်ပွား

**ဆိုးလ် နိုဝင်ဘာ ၁၅**

တောင်ကိုရီးယားနိုင်ငံ၌ ပြင်းအား ၅ ဒသမ ၄ ရှိ မြေငလျင်လှုပ်ခဲ့သော်လည်း ယခုအချိန်အထိ ထိခိုက်၊ သေဆုံးမှု သတင်းများ ပေါ်ထွက်လာခြင်းမရှိကြောင်း မိုးလေဝသဌာနက နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း ဂေဆောင်းမြောက်ပိုင်း ပြည်နယ်၏ ပင်လယ်ကမ်းရိုးတန်း၌ တည်ရှိသော ပိုဟန်မြို့၏ မြောက်ဘက် ကိုးကီလိုမီတာအကွာ ဒေသကို ဗဟိုပြု၍ မြေငလျင်လှုပ်ခဲ့ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ၌ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံခြင်းသည် တစ်ခုအပါအဝင်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်သည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်သည့်အားလျော်စွာ ရှေးဦး ကလေးသူငယ်ဘဝအရွယ်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုပျိုးထောင်ပေးခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးခြင်းဖြစ်ပါကြောင်း **ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ **ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ ကလေးသူငယ်တိုင်း အချိုးညီစွာ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဌာနအခြေပြု၊ ရပ်ရွာအခြေပြုလုပ်ငန်းများတွင် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ထူထောင်ထားသော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို နှစ်စဉ်ငွေကြေးနှင့် နည်းပညာ အကူအညီပေးခြင်းနှင့် အသိပညာဖြန့်ဝေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီတစ်ရပ် လိုအပ်လျက်ရှိရာ ၎င်းကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာဝန်ဆောင်မှုစနစ်တစ်ရပ်ကို အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၇-၂၀၁၈) ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြောကြားသည်။

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် မူကြိုပညာရေးဆိုင်ရာ မဟာဗျူဟာအစီအစဉ်များကို အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) တွင် ကဏ္ဍတစ်ရပ်အနေဖြင့် မဟာဗျူဟာများနှင့် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကလေးသူငယ်များ အားလုံး၏ အကျိုးကို စီမံကိန်းများချမှတ်ဆောင်ရွက်ပေးလျက်ရှိပြီး ပိုမိုကောင်းမွန်ထိရောက်သည့်အကောင်အထည်ဖော်မှုများဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင် လျက်ရှိနေပါသဖြင့် **အဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ကြောင်း** ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ **အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို**က အနာဂတ်၏ ခေါင်းဆောင်များဖြစ်သည့် ကလေးသူငယ်များကို ပြုစုပျိုးထောင်ရေးသည် လွန်စွာအရေးကြီးသကဲ့သို့ အားလုံးပါဝင်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ရှေးဦးကာလအတွေ့အကြုံများသည် အလုံးစုံသင်ယူခြင်း၊ ကျန်းမာရေးနှင့် အပြုအမူများကို




**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပစဉ်။**

တိုးတက်စေခြင်း သို့မဟုတ် ဆုတ်ယုတ်စေသောအခြေခံကို ဖြစ်ပေါ်စေပါကြောင်း၊ စောင့်ရှောက်မှုရရှိသည့် ကလေးများသည် ၎င်းတို့၏အသက်ရှင်သန်မှု၊ ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုအပေါ် များစွာအကျိုးသက်ရောက်မှုဖြစ်စေပါကြောင်း၊ မူကြိုပညာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် အခကြေးငွေပေးဆောင်ရသည့် မူကြိုများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ကျေးရွာများတွင် ကိုယ်ထူကိုယ်ထ မူကြိုကျောင်းများသာရှိနေပြီး နိုင်ငံတော်ထောက်ပံ့မှု နည်းပါးနေသည်ကို တွေ့ရပါကြောင်း၊ ရှေးဦးအရွယ်ကလေးများကို ရင်းနှီးမြှုပ်နှံခြင်းသည် နောင်ကာလများတွင် အကျိုးအမြတ်ရရှိစေသည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုကို ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ခရုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့ ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုရှင် ဦးစိုင်းဦးခမ်းက အဆိုကို အတည်ပြုပေးနိုင်ရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူရာ ထောက်ခံမဲ ၁၇၃ မဲ၊ ကန့်ကွက်မဲ ၂၁၉ မဲ၊ ကြားနေမဲ ၂ မဲဖြင့် အဆိုကို မှတ်တမ်းအဖြစ်ထားရှိကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်၏ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင်ရှိသော မြေကွက်လပ်များကို စီးပွားရေးအရ ဝင်ရောက်ကျူးကျော်သူများအား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ စည်ပင်သာယာဝန်ထမ်းများက ကျူးကျော်ခွင့်ပြုနေခြင်းကို ဥပဒေအရ ထိရောက်စွာ အရေးယူပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျူးကျော်နေအိမ်ဆောက်လုပ်မှုကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ခွင့်ပြုနေသည်ဆိုပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြီး မှန်ကန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများကို တာဝန်မှရပ်စဲသည်အထိလည်းကောင်း၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းက ကျူးကျော်မှုနှင့် ပတ်သက်၍ ခွင့်ပြုမည်ဆိုပါက အဆိုပါ ဝန်ထမ်းကို သက်ဆိုင်ရာဌာနမှ နိုင်ငံ့ဝန်ထမ်းဥပဒေ၊နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၏ မြေကွက်လပ်များ၌ ဝင်ရောက်ကျူးကျော်သူများနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပါဝင်ပတ်သက်နေပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း**၏ တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်ရှိ မြို့နယ်များ၏ ကျွန်းအခြေစိုက် ကျေးရွာများ၊ ပင်လယ်ရေလုပ်ငန်းခွင်များတွင် တစ်နေ့တခြား ဆိုးရွားစွာတိုးပွားဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးသုံးစွဲနေကြခြင်းကို အထူးစီမံချက်များရေးဆွဲ၍ တိုက်ဖျက်နှိမ်နင်းပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ **ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး**က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီမံချက်များဖြင့် အထူးစစ်ဆင်ရေးများကို တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်၌ ရှမ်းရိုးမ စစ်ဆင်ရေး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်း - ၂ စစ်ဆင်ရေးတို့ဆောင်ရွက်ခဲ့ပြီး ယခုကချင်ပြည်နယ်၌ ဧရာဦးစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဘုတ်ပြင်းမြို့နယ်အပါအဝင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစစ်ဆင်ရေးကို တပ်မတော်နှင့်ပူးပေါင်း၍ ၂၀၁၈ ခုနှစ်တွင် စီမံချက်ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး**၏ တိုင်းပြည်အနာဂတ်အကျိုးစီးပွားအတွက် မသန်စွမ်းမှုလျှော့ချရေး၊ ကူညီထောက်ပံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် တိုးမြှင့်ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် **တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်**၏ မြို့နယ်လက်စွဲစာအုပ်များ ထွက်ပေါ်လာစေရေးအတွက် လိုအပ်သောစီစဉ်ညွှန်ကြားမှုများပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် **ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း**က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပေးပို့လာသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် ၃၂ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ရန် ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်**က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် **ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူထားသည့်အချက် ၃၂ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း** အတည်ပြုနိုင်ရန် လွှတ်တော်၏သဘောထားဆန္ဒကိုရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း**က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ **အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားသည့် ပြင်ဆင်ချက် ၂၆ ချက်**ကို တင်သွင်းသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်း တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် ၂၆ ချက်ကို အတည်ပြုနိုင်ရန် လွှတ်တော်၏သဘောထားဆန္ဒကိုရယူပြီး **ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း** အတည်ပြုကြေညာသည်။

ထို့နောက် **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ညီညီလွင်**က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ချက်အဆို [အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ)] နှင့် စပ်လျဉ်း၍ တင်သွင်းသည်။

ယင်းနောက် **ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်း**က ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ အသစ်ဖြည့်စွက်ရန် မသင့်ကြောင်း ရှင်းလင်းတင်သွင်းသည်။

ထို့နောက် **ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး**က ယခုဖြည့်စွက်ချက်ကို ဖြည့်စွက်ရန်မလိုအပ်သည့်အပြင် ထည့်သွင်းခြင်းဖြင့် ပြစ်မှုပေါ်ပေါက်မှုအပေါ် မည်သည့်ဥပဒေဖြင့်အရေးယူရမည်ကို ရှုပ်ထွေးလာနိုင်သည့်အတွက် အသစ်ထပ်မံဖြည့်စွက်ရန် မသင့်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြင်ဆင်ချက်အဆို [အသစ်ဖြည့်စွက်ချက် ပုဒ်မ ၁၇၊ ပုဒ်မ ခွဲ (ခ) ]နှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားဆန္ဒရယူရာ ထောက်ခံမဲ ၂၆၆ မဲ၊ ကန့်ကွက်မဲ ၁၂၈ မဲ၊ ကြားနေမဲ ၃ မဲဖြင့် ဥပဒေကြမ်းကော်မတီ၏သဘောမတူကြောင်းတင်ပြချက်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပြင်ဆင်ခြင်းမပြုသည့် အပိုဒ်နှင့် အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမည်ဖြစ်ကြောင်း၊ ထို့အတူ လွှတ်တော်၏ ပြင်ဆင်ချက်များကြောင့် ပြောင်းလဲသွားသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လွှတ်တော်၏ သဘောထားဆန္ဒကိုရယူကာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်နှင့် အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ - ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**သတင်းစဉ်**

# MICA အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာ တင်သွင်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒေသခံတိုင်းရင်းသား ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်း ပိုမိုတွင်ကျယ်စေရေးအတွက် ကျေးရွာချင်းဆက် မြေသားလမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ ဖြစ်သည့် ဝါရစ်-စန်းသစ်-ပြင်ဝန်းလမ်း (၅)မိုင်၊ သထာ-သပြေပင်-ဝါရစ်လမ်း(၅)မိုင်၊ ဒုံဒဟွန်း-ဒုံးကမာချောင်း-ဒုံးညောင်မှိုင်း (၅)မိုင်၊ ဒုံး-ပုလဲအောင်-ဒုံးဇလပ်-ဖရောဝါ-လင်းလွန်းလမ်း(၁၆)မိုင်၊ မော်တုံးကြီး-တောင်သုံးလုံးလမ်း (၇)မိုင်၊ စလွန်အော်ကြီး- သဲတန်းကြီးလမ်း (၆)မိုင်၊ ကျားကြီးအော်-ရေချိုချောင်းလမ်း (၂)မိုင်၊ မင်းခေါင်ဆေး-ပဝတ်ကြီးလမ်း (၄)မိုင်၊ ညောင်ဘီး-ပဲယာလမ်း(၁) မိုင်တို့သည် မြေသားလမ်းများ ဖောက်လုပ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျွန်းစုမြို့နယ်အတွင်းရှိ လမ်းများအနက် ဝါရစ်-စန်းသစ်- ပြင်ဝန်းလမ်း(၅)မိုင်၊ ဒုံး-ပုလဲအောင်-ဒုံးဇလပ်-ဖရောဝါ-လင်းလွန်းလမ်း (၁၆)မိုင်၊ သထာ-သပြေပင်-ဝါရစ်လမ်း (၅)မိုင်၊ မော်တုံးကြီး-တောင်သုံးလုံးလမ်း (၇)မိုင်နှင့် မင်းခေါင်ဆေး-ပဝတ်ကြီးလမ်း (၄)မိုင်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသောလမ်းများဖြစ်သည့် သထာ-သပြေပင်-ဝါရစ်လမ်း၊ ဒုံဒဟွန်း-ဒုံးကမာချောင်း-ဒုံညောင်မှိုင်းလမ်း၊ ကျားကြီးအော်-ရေချိုချောင်းလမ်း၊ ညောင်ဘီး-ပဲယာလမ်းတို့သည် ကျွန်းများပေါ်တွင်ရှိပြီး အဆိုပါ လမ်း(၄)လမ်းကို National Strategy For Rual Roads and Access ပါ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ လမ်း၊ တံတားလုပ်ငန်းများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဦးစားပေးရေးဆွဲတင်ပြလာသည့် လုပ်ငန်းများအပေါ်တွင် စိစစ်၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် မြို့ရှောင်လမ်းနှင့် ကားကြီးဝင်းစခန်းတို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက စလင်းမြို့ရှောင်လမ်း အမှတ်(၁) ဖောက်လုပ်မည်ဆိုပါက လျာထားလမ်းအူကြောင်း အရှည် (၃)မိုင်ခန့်တွင် ခန့်မှန်းလယ်မြေ ၁၂ ဧက အိမ်ခြေ ၂၀ လုံး နီးပါးပါဝင်ကြောင်းကို လမ်းဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ၏ တင်ပြချက်အရ သိရှိရပါကြောင်း၊ လမ်းဦးစီးဌာနမှ လျာထားလမ်းအူကြောင်းအား အသေးစိတ် ပြန်လည်တိုင်းရမည်ဖြစ်ပါကြောင်း၊ လျာထားလမ်းအူကြောင်း အမှတ်(၂) ဖောက်လုပ်မည်ဆိုပါက လက်ရှိစာစီကျောင်းရပ် စိန်ပန်းဘုန်းတော်ကြီးကျောင်းဝင်းဘေးမှ ဖြတ်သန်းသွားမည်ဖြစ်၍ ကျောင်းထိုင်ဆရာတော်က ကန့်ကွက်လျက်ရှိပါကြောင်း၊ မြေအသုံးပြုခွင့်မပေးသည့်အတွက် ရှောင်ကွင်း၍ လမ်းဖောက်ရန် လယ်စိုက်မြေဧရိယာများဘက်မှ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လမ်းအူကြောင်း အမှတ်(၁)အား လမ်းပုံထုတ်တိုင်းတာပြီး မြေယာလျော်ကြေးကိစ္စများ ဆောင်ရွက်ပြီးပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လမ်းအူကြောင်း အမှတ်(၂)အတွက် ဘုန်းတော်ကြီးနှင့် ညှိနှိုင်းလျှောက်ထားပြီး ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကားကြီးဝင်းစခန်း ထပ်မံတိုးချဲ့ရန် မြေနေရာကျဉ်းမြောင်းခြင်း၊ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း တိုးချဲ့နိုင်ရန် မြေကွက်အကျယ်အဝန်း ရရှိနိုင်မည့် မြေနေရာမရှိခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမရှိခြင်းတို့ကြောင့် နိုင်ငံတော်ထောက်ပံ့ငွေ၊ ပြည်ထောင်စုရန်ပုံငွေများရရှိပါက မြို့၏တိုးတက်လာမည့် မော်တော်ယာဉ်အစီးရေအပေါ် မူတည်၍ ကားကြီးကွင်း ထပ်မံတိုးချဲ့ရန်အတွက် လုံလောက်သော အကျယ်အဝန်းရှိသည့် မြေနေရာများကို မြို့ပြင်ရှိလယ်ယာမြေကွက်များ ဝယ်ယူ၍ တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဋ္ဌေး(ခ)ဒေါ်အုန်းကြည်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြင်ဆင်ချက်အတည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းခဲ့သည့် "MICA (Myanmar International Cooperation Agency)" အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ဖတ်ကြားတင်သွင်းရာတွင် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၃ မှ ၁၀၁ အထိ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာကျင့်သုံးပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော လုပ်ငန်းများဖြစ်သည့် MICA သို့ လွှဲပြောင်းလုပ်ငန်းလုပ်ကိုင်စေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခြံစက်ရုံ ၄၉ ခုရှိပြီး MICA နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့သော ခြံ၊ စက်ရုံ ၆ ခုအနက် ၅ ခုအား ကော်မတီမှ ကွင်းဆင်းစိစစ်ပြီးဖြစ်ပါကြောင်း၊ MICA နှင့် စာချုပ်မချုပ်ဆိုဖြစ်ဘဲ ဌာနနှင့်သာ ချုပ်ဆိုခဲ့သော ခြံ၊ စက်ရုံ ၇ ခုရှိပါကြောင်း၊ ငှားရမ်းစာချုပ်ချုပ်ဆိုပြီး ခြံ၊ စက်ရုံပေါင်း ၁၃ ခုနှင့် ငှားရန်ကျန်ရှိနေသည့် ခြံ၊ စက်ရုံ ၃၆ ခု ရှိပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် MICA နှင့် စာချုပ်ချုပ်ဆိုထားသည့် လုပ်ငန်း ၆ ခုကို ကော်မတီမှ ကွင်းဆင်းစိစစ်ပြီးဖြစ်ပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ MICA သို့ လွှဲပြောင်းပြီး မလုပ်နိုင်သေးသည့်လုပ်ငန်း ၁၀ ခုအား မြေပြင်အခြေအနေအရ ကွင်းဆင်းစိစစ်ပြီး လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးများရှိ ကတိ၊ ကဝတ်ဖြစ်ပေါ်ခဲ့သော မေးခွန်း၊ အဆိုများနှင့်အတူ ထပ်မံသွားရောက်၍ ကွင်းဆင်းစိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ကြားဖြတ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

# ကျိုက်ထီးရိုးတောင်တက် ကေဘယ်လ်ကားစီမံကိန်းကို ဇန်နဝါရီလဆန်းတွင် ဖွင့်လှစ်နိုင်ရန်စီစဉ်

**ကျိုက်ထို နိုဝင်ဘာ ၁၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် တပ်ဆင်တည်ဆောက်နေသော ကေဘယ်လ်ကားစီမံကိန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလဆန်းတွင် ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ရသေ့တောင်မှ ကျိုက်ထီးရိုးတောင်ပေါ်သို့ တက်နိုင်မည့် ကေဘယ်လ်ကား တည်ဆောက်မှုစီမံကိန်းမှာ ပြီးစီးနေပြီဖြစ်ပြီး လုံခြုံရေးပိုင်းနှင့် ဘေးအန္တရာယ်ကြုံလာပါက ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး လာမည့်ဇန်နဝါရီလတွင် ဖွင့်လှစ်နိုင်ဖွယ်ရှိကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။



"ကေဘယ်လ်ကတော့ ဇန်နဝါရီလဆန်းလောက်ဖွင့်နိုင်မယ့် အခြေအနေရှိပါတယ်၊ အခု Safety ဖြစ်အောင် သေသေချာချာ စက်မှုနဲ့ ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ဆဲအခြေအနေဖြစ်ပါတယ်၊ Safety ဖြစ်ရင်တော့ ဇန်နဝါရီလဆန်းလောက်မှာ ခွင့်ပြုနိုင်မယ့်အခြေအနေ ရှိပါတယ်၊ တည်ဆောက်မှုပိုင်းတော့ ပြီးစီးနေပါပြီ၊ ပိုပြီးသေချာအောင် ဆောင်ရွက်နေပါတယ်"ဟု မွန်ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

"ဘုရားဖူးကတော့ ကေဘယ်လ်ကားပြီးသွားရင်တော့ နဂိုထက် အနည်းဆုံး နှစ်ဆ၊ သုံးဆ ပိုလာနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတဲ့ အတွက်ကြောင့် ပိုလာမယ့် ဘုရားဖူးတွေအတွက် ပြည်နယ်အစိုးရဘက်ကရော၊ ဂေါပကဘက်ကရော တိုးချဲ့ပြီးဆောင်ရွက်နေတာဖြစ်ပါတယ်၊ ကေဘယ်လ်နဲ့ဆွဲတာဟာ ကျွန်တော်တို့တိုင်းပြည်မှာ အသစ်အဆန်းဖြစ်ပြီး ဘုရားဖူးတွေအတွက် သွားရလာရပိုပြီး လွယ်ကူမှာဖြစ်ပါတယ်"ဟု မွန်ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။

ကေဘယ်လ်ကား တည်ဆောက်မှုကို ပြင်သစ်နည်းပညာနှင့် တည်ဆောက်နေပြီး ကေဘယ်လ်ကား တစ်စီးကို ရှစ်ဦး၊ ၁၂ စီးနှင့် အတက် ၉၆ ဦး၊ အဆင်း ၉၆ ဦး စီးနင်းနိုင်မှာဖြစ်ကြောင်းသိရသည်။

**စောသိန်းဝင်း**

## မြန်မာနိုင်ငံပြန်တမ်း
## အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ဗာတီကန်မြို့ပြနိုင်ငံ ပုပ်ရဟန်းမင်းကြီးထံ သံအမတ်ကြီး ဦးစံလွင် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဗာတီကန်မြို့ပြနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံလွင်သည် ၎င်း၏ ခန့်အပ်လွှာကို နိုဝင်ဘာ ၉ ရက်တွင် ဗာတီကန်စီးတီး၌ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

**သတင်းစဉ်**

## ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level- III ပြိုင်ပွဲ ပွဲစဉ် (၃)ရန်ကုန်မြို့တွင် နိုဝင်ဘာ ၁၉ ရက်၌ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival ) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို Level- I ပဏာမအသံစစ်ဆေးခြင်းများကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၁၁ မြို့၌ ကျင်းပခဲ့ပြီး Level – II ပြိုင်ပွဲများအား မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုအခါ ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-III ပြိုင်ပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မျဉ်းပြိုင်ကွင်းလမ်း ရွှေထွဋ်တင်ဝင်းအတွင်းရှိ Hexagon Complex ၌ ပွဲစဉ်(၃)ပြိုင်ပွဲအား နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အေဆမ်၏ ဦးတည်ရည်မှန်းချက်များ

### အေဆမ်ဆွေးနွေးပွဲများ၏ အဓိက ဦးတည်ရည်မှန်းချက် (၄)ရပ်မှာ

- အာရှ-ဥရောပတိုက်ကြီး နှစ်တိုက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အထောက်အကူဖြစ်စေရန်၊
- ကမ္ဘာ့စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်ဖက်ညှိနှိုင်း ပူးပေါင်းအဖြေရှာသွားရန်၊
- ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် အာရှ-ဥရောပတိုက်ကြီး နှစ်တိုက်၏ အရေးပါ အရာရောက်မှုကို မြှင့်တင်သွားရန်၊
- မတူညီသည့် ယဉ်ကျေးမှုဓလေ့ ထုံးတမ်းအစဉ်အလာများနှင့် မတူညီသည့်ယဉ်ကျေးမှု ထွန်းကားသော လူ့ဘောင်အဖွဲ့အစည်း နှစ်ရပ်အကြား အပြန်အလှန် နားလည်သဘောပေါက်မှုနှင့် ယုံကြည်မှုများ ပိုမိုဖြစ်ထွန်းလာစေပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေး အတွက် အတူတကွ ယှဉ်တွဲနေထိုင်သည့် လူ့ဘောင်အဖွဲ့အစည်း တည်ဆောက်သွားရန်တို့ဖြစ်သည်။

Asia-Europe Meeting

(၁၃)ကြိမ်မြောက် အေဆမ်
နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀-၂၁
နေပြည်တော်

# အာရှ-ဥရောပ ဆွေးနွေးပွဲ (အေဆမ်)

- အာရှနှင့် ဥရောပဒေသရှိ နိုင်ငံများအကြား နှစ်ဖက်အကျိုးတူကိစ္စရပ်များတွင် ညှိနှိုင်းဆွေးနွေး ပူးပေါင်း ဆောင်ရွက်နိုင်ရန် ၁၉၉၆ ခုနှစ်မှ စတင်ကျင်းပလာခဲ့သည်။
- ၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံး အာရှ-ဥရောပ ယဉ်ကျေးမှုဖိုရမ်ကို အီတလီနိုင်ငံ ဗင်းနစ်မြို့၌ စတင်ကျင်းပခဲ့သည်။
- ၁၉၉၆ ခုနှစ် မတ်လတွင် အာရှဘက်မှ ၁၀ နိုင်ငံ၊ အီးယူ ၁၅ နိုင်ငံ ပါဝင်သည့် ပထမဆုံး အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ကျင်းပခဲ့ရာမှ အာရှ-ဥရောပ ဆွေးနွေးပွဲဟူ၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။
- အေဆမ်စတင်ဖွဲ့စည်းစဉ်က ဒေသနှစ်ခုမှ နိုင်ငံ ၂၅ နိုင်ငံနှင့် ဥရောပကော်မရှင်တို့သာ ပါဝင်ခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများ တဖြည်းဖြည်း များပြားလာခဲ့ပြီး ယခုအချိန်တွင် အာရှမှ ၂၁ နိုင်ငံနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ဥရောပဒေသမှ အီးယူအဖွဲ့ဝင် ၃၀ နိုင်ငံနှင့် ဥရောပကော်မရှင်တို့ ပါဝင်လာပြီဖြစ်သည့်အတွက် နိုင်ငံပေါင်း ၅၁ နိုင်ငံနှင့် ဒေသဆိုင်ရာအဖွဲ့ကြီး နှစ်ခု စုစုပေါင်း အဖွဲ့ဝင် ၅၃ ခု ရှိလာခဲ့ပြီဖြစ်သည်။
- လက်ရှိအေဆမ်အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်လ်ဂျီယံ၊ ဘရူနိုင်း၊ ဘူလ်ဂေးရီးယား၊ ကမ္ဘောဒီးယား၊ တရုတ်၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ ကာဇက်စတန်၊ တောင်ကိုရီးယား၊ လာအို၊ လတ်ဗီးယား၊ လီသူယေးနီးယား၊ လူဇင်ဘတ်၊ မလေးရှား၊ မော်လ်တာ၊ မွန်ဂိုလီးယား၊ မြန်မာ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေး၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပေါ်တူဂီ၊ ပိုလန်၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ ဆလိုဗေးကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ ဗြိတိန်၊ ဗီယက်နမ်တို့ဖြစ်ပြီး အဖွဲ့အစည်း နှစ်ခုမှာ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပ ကော်မရှင်တို့ဖြစ်သည်။


### စတုတ္ထအကြိမ်မှ

(က) နှစ်နိုင်ငံ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ခြားစောင့် တပ်ဖွဲ့များအကြား ဗဟိုအဆင့် အစည်းအဝေးအား တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်၊ ကွပ်ကဲရေးမှူးအဆင့် အစည်းအဝေးအား ကော့ဘဇားနှင့် မောင်တောတို့တွင် ၆ လလျှင် တစ်ကြိမ် အလှည့်ကျ အိမ်ရှင်အဖြစ်ကျင်းပရန်၊ နည်းဗျူဟာအဆင့် အစည်းအဝေးအား နယ်စပ်ဒေသ၌ ၃ လလျှင် တစ်ကြိမ်အလှည့်ကျ အိမ်ရှင်အဖြစ် ကျင်းပရန်၊ တပ်ရင်းမှူးအဆင့် အစည်းအဝေးအား လစဉ် ကျင်းပသွားရန်နှင့် တပ်ခွဲမှူးအဆင့်(BOP) အဆင့် တွေ့ဆုံမှုအား လိုအပ်ချက်အပေါ်မူတည်၍ နှစ်နိုင်ငံ နယ်စပ်တွင် နေရာသတ်မှတ်၍ ဆောင်ရွက်ရန်၊

(ခ) ယခု ကျင်းပသည့် အစည်းအဝေးကို ယခင် သဘောတူညီခဲ့သည့်အတိုင်း နှစ်စဉ်အလှည့်ကျနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်နှင့် အစည်းအဝေးအား မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ ဗဟိုအဆင့် အစည်းအဝေးဟု သတ်မှတ်ရန်၊

(ဂ) နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဖြစ်ပေါ်နေသော မူခင်းဆိုင်ရာ ပြဿနာများ၊ တရားခံပြေးများ၊ ARSA အကြမ်းဖက်အဖွဲ့များ တိုက်ဖျက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ARSA နှင့် တရားခံပြေးများ ဖမ်းဆီးဖော်ထုတ်ရေး သတင်းအချက်အလက်များ ဖလှယ်ရေးတို့အတွက် ဆက်သွယ်မှုစနစ်တစ်ခု ထူထောင်ရန်၊

(ဃ) မြန်မာ - ဘင်္ဂလားဒေ့ရှ် နယ်စပ်ဆက်ဆံရေးရုံး (BLO)များ ထူထောင်ခြင်းတွင် မြန်မာနိုင်ငံဘက်မှ မောင်တောတွင် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တက်ကနက်(ဖ်)တွင်လည်းကောင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးထား၍ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊




**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုအဆင့်အစည်းအဝေး ကျင်းပစဉ်။**

(င) နှစ်နိုင်ငံနယ်စပ်အား တရားမဝင်ဖြတ်ကျော် ဝင်ရောက်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက် ဖလှယ်ခြင်းနှင့် တားဆီးနှိမ်နင်းရေးကို စံလုပ်ငန်းစဉ်တစ်ရပ် ရေးဆွဲ အကောင်အထည် ဖော်နိုင်ရေး ဆောင်ရွက်ရန်၊

(စ) မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ဝန်ကြီးအဆင့် အစည်းအဝေးတွင် သဘောတူညီခဲ့သောအဆင့် ၃ ဆင့်တွင် ဆက်သွယ်ဆက်ဆံသူ အရာရှိများ ထားရှိ၍ အပြန်အလှန် ဆက်သွယ်မှု၊ သတင်းအချက်အလက် ဖလှယ်မှုတို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဆ) နှစ်နိုင်ငံ နယ်ခြားစောင့် တပ်ဖွဲ့များအချင်းချင်း ယုံကြည်မှု တည်ဆောက်နိုင်ရေးအတွက် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ အပြန်အလှန်လည်ပတ်ခြင်း၊ အားကစားပွဲများ ကျင်းပခြင်း၊ ယဉ်ကျေးမှု ဖလှယ်ခြင်း၊ ဘာသာစကား သင်ကြားခြင်းတို့ကို နှစ်ဖက်ညှိနှိုင်း၍ ဆောင်ရွက်သွားရန်၊

(ဇ) ပဉ္စမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များ ဗဟိုအဆင့် အစည်းအဝေးကို ၂၀၁၈ ခုနှစ် မေလ ပထမပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ရန်၊

(ဈ) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့တို့အနေဖြင့် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းစွာ အတူ ဖြေရှင်းနိုင်ရေးအတွက် (၁) နှစ်နိုင်ငံ နယ်ခြားစောင့် တပ်ဖွဲ့တို့အနေဖြင့် လူကုန်ကူးမှုနှင့် ကုန်ပစ္စည်းများ တရားမဝင် ကူးသန်းရောင်းဝယ်မှုအား တားဆီးရေးအတွက် သတင်းအချက်အလက်ဖလှယ်ရမည်ဖြစ်ပြီး ထိုကဲ့သို့သော ခြိမ်းခြောက်မှု အန္တရာယ်များအား ဟန့်တားရေးအတွက် နယ်စပ်ဒေသတွင် ချစ်ခင်ရင်းနှီးစွာ ပူးပေါင်း၍ ဆောင်ရွက်သွားရန်၊ (၂) နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့တို့အနေဖြင့် စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရောင်းဝယ်မှုများအား တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် သတင်းအချက်အလက် ဖလှယ်ရန်၊ (၃) နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းစေရေးအတွက် နှစ်ဖက်စလုံးမှ ထိန်းသိမ်းဆောင်ရွက်ရန် အချက်များအား အတူတကွ လုပ်ဆောင်သွားရန်တို့ဖြစ်သည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံဘက်မှ ARSA အကြမ်းဖက် အဖွဲ့အစည်းနှင့်ပတ်သက်၍ နောက်ဆုံးရရှိထားသည့် သတင်းအချက်အလက်များ၊ ဖော်ထုတ်ဖမ်းဆီးပေးရမည့် အကြမ်းဖက်သမား တရားခံပြေးများ အမည်စာရင်းကို ဓာတ်ပုံမှတ်တမ်းနှင့်တကွ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ပြီး အမြန်ဆုံး စုံစမ်းဖော်ထုတ် လွှဲပြောင်းပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်မှလည်း ၎င်းတို့နိုင်ငံအနေဖြင့် အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား တိုက်ဖျက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြေပေါ်တွင် မည်သည့်အကြမ်းဖက်သမား တစ်ဦးတစ်ယောက်ကိုမျှ လက်ခံထားမည်မဟုတ်ပါကြောင်း၊ ARSA အကြမ်းဖက် အဖွဲ့အစည်းနှင့် အကြမ်းဖက်သမားများအပြင် အခြားအမှုများမှ တရားခံပြေးများကိုလည်း စုံစမ်းဖော်ထုတ်၍ မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများထံ အကြောင်းပြန်ကြားခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းတို့ကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ နယ်စပ်ဒေသတွင် တာဝန် ထမ်းဆောင်နေကြသော နှစ်နိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ အချင်းချင်း ညီရင်းအစ်ကို ချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဟု ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ယခု နယ်ခြားစောင့်တပ်ဖွဲ့များအကြား ဗဟိုအဆင့်အစည်းအဝေးတွင် ဆွေးနွေးသဘောတူခဲ့သည်များအား ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ပါကြောင်း ပူးတွဲထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ **သတင်းစဉ်**

### ပဲခူးမြစ်ကူးတံတားမှ

တံတားအသစ်တွင် ၄၄၈ မီတာ ရှည်သော ကြိုးဆိုင်းတံတား၊ ၁၀၃၃ မီတာရှည်သော သံပေါင်ရက်မတံတား၊ ၅၅၀ မီတာရှည်သော PC ရက်မတံတား စသည့် အဓိကတည်ဆောက်ပုံ အစိတ်အပိုင်း သုံးခု ပါဝင်သည်ဟု သိရပြီး တံတားအစိတ်အပိုင်း အားလုံး၏ စုစုပေါင်း အရှည်မှာ ၂၀၃၁ မီတာ ရှည်လျားမည်ဖြစ်ကြောင်း သိရသည်။ ယင်းတံတားသည် ကုန်တင်မှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး ကုန်တင်ကားများနှင့် နောက်တွဲယာဉ်များကဲ့သို့ လေးလံသော ယာဉ်များကိုလည်း သက်သောင့်သက်သာဖြင့် အန္တရာယ်ကင်းစွာ သွားလာခွင့်ပေးနိုင်မည်ဟု သိရသည်။ ယင်းတံတား စီမံကိန်းနှင့်အတူ ရန်ကုန်ဘက်ခြမ်းတွင် လမ်းဆုံ နှစ်ခုပေါ် ဖြတ်သန်းလျက် မိုးပျံလမ်းတစ်ခုကိုလည်း တည်ဆောက်မည်ဟု သိရသည်။

အဆိုပါတံတား၏ ရေရှည်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ လုံခြုံရေးအတွက် non-linear dynamic analysis အပါအဝင် ငလျင်တိုင်းတာစစ်ဆေးမှုများနှင့် wind tunnel tests အပါအဝင် မုန်တိုင်း၊ လေတိုက်နှုန်း တိုင်းတာစစ်ဆေးမှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အစိုးရသစ် စတင်တာဝန်ယူပြီးချိန်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်နိုင်ငံခရီးစဉ်အပြီးတွင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံသို့ ပေးအပ်မည့် ကူညီထောက်ပံ့မှုများ၊ အတိုးနှုန်း သက်သာသော ချေးငွေများ၊ နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုများအပါအဝင် ပေးအပ်မည့် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံအနက် ရန်ကုန်-သန်လျင်တံတားသစ် တည်ဆောက်ခြင်းစီမံကိန်းလည်း ပါဝင်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေး၊ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ လေဆိပ်များ၊ လူ့စွမ်းအားအရင်းမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများတွင် ကူညီထောက်ပံ့မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းဖြစ်သည့် သန်လျင်တံတား အမှတ် (၃)တည်ဆောက်ရေးသည်လည်း အဓိက စီမံကိန်းတစ်ခုဖြစ်ကြောင်း JICA မှ သိရသည်။

ဂျပန်နိုင်ငံ JICA ၏ ကူညီထောက်ပံ့မှုနှင့်အတူ အဆိုပါ သီလဝါအထူးစီးပွားရေးဇုန်သို့ ရန်ကုန်မြို့တွင်းမှ ချိတ်ဆက်မည့် လမ်းကြောင်းတစ်ခုတွင် ပါဝင်နေသည့် သာကေတတံတားသစ် တည်ဆောက်မှုတွင်လည်း ခန့်မှန်းကုန်ကျစရိတ်မှာ ဂျပန်ယန်း သန်း ၃၃၆၀ ခန့်ဖြစ်ပြီး ပြန်လည်ပေးဆပ်ရန် မလိုသော နှောင်ကြိုးမဲ့ ကူညီမှုဖြစ်ကာ ၂၀၁၈ ခုနှစ်တွင် ပြီးစီးရန် လျာထားကြောင်း သိရသည်။ ယင်းတံတားအား ဖြတ်သန်းမည့် လမ်းကြောင်းအတိုင်း သန်လျင်တံတား အမှတ် (၃)နှင့် ချိတ်ဆက်ကာ သီလဝါအထူးစီးပွားရေးဇုန်သို့ အမြန်ဆုံးရောက်ရှိနိုင်မည့် လမ်းကြောင်းတစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။ **ဝဝ၁**

# စတုတ္ထအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကြီးမှူးပြီး စတုတ္ထအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းရှိအသက်(၇၅) နှစ်ပြည့်ပြီး သက်ကြီးသတင်းစာပညာရှင် ၁၅၀ ကျော်ကို ပူဇော်ကန်တော့မည်ဖြစ်သည်။ သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အခန်း ၆၀၃ အမှတ် ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၅၁၉၊ ၀၉၄၂၀၉၄၆၅၉ သို့ လူကိုယ်တိုင်ဆက်သွယ် လာရောက်လှူဒါန်းနိုင်ပြီး ငွေသားကို ကမ္ဘောဇဘဏ်အကောင့်အမှတ် (၁၇၃-၃၀၂-၀၀၇၀၃၇၄၈၈၀၁)သို့လည်း ထည့်ဝင်လှူဒါန်းနိုင်သည်။

အလှူငွေပေးအပ်ခြင်းနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောခစ်ဟိုတယ်၌ ပြုလုပ်မည်ဖြစ်ပြီး ယင်းအခမ်းအနားတွင်လည်း လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်သည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းအနေဖြင့် အသက်(၇၅)နှစ်ပြည့်ပြီး သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲကို ၂၀၁၄ ခုနှစ်မှစတင်ကာ နှစ်စဉ်မပျက်ကျင်းပလာခဲ့ပြီး ယခုအကြိမ်သည် စတုတ္ထအကြိမ်မြောက်ကျင်းပမည့် အခမ်းအနားဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ သိရသည်။

**သတင်းစဉ်**




မြန်ကြားရေးဝန်ကြီးဌာန
မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



ကလေးစာပေပွဲတော်
( မိတ္ထီလာမြို့ )
က လေး စာ ပေ ပြ ပွဲ နှင့် စာ အုပ် ဈေး ရောင်း ပွဲ
၂၀၁၇ ခုနှစ်၊နိုဝင်ဘာလ(၁၈၊၁၉) စနေ၊တနင်္ဂနွေ
နေ့စဉ်နံနက် (၈း၃၀)နာရီမှ ညနေ(၄)နာရီအထိ
အ.ထ.က(၁) ၊မိတ္ထီလာမြို့
မည်သူမဆိုလွတ်လပ်စွာလာရောက်လေ့လာနိုင်ပါသည်


# ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်းကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ အမိန့်ကြော်ငြာစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**အမိန့်ကြော်ငြာစာအမှတ် (၈၆၅/၂၀၁၇)**
၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

**ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၅ အရ "ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့"ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးညဏ်ဝင်း — ဥက္ကဋ္ဌ
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၃)

(ခ) ဦးစိုးလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဂ) ဦးဝင်းတင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဃ) ဦးမျိုးခိုင်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဦးအောင်ကျော်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) ဒေါက်တာခင်မာရီ — အဖွဲ့ဝင်
ပါမောက္ခ (ဌာနမှူး)
ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်
အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

(ဆ) ဦးကျော်ဟိုး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၃)

(ဇ) ဦးကျော်ငွေး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၈၈)

(ဈ) ဒေါ်ငြိမ်းဇင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဦးကျော်စိုးဗိုလ် (ခ) ဦးကျော်စိုး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၁၆)

(ဋ) ဦးမောင်မောင်လှသောင်း (ခ) ဦးလှသောင်း — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၆၆)

(ဌ) ဒေါ်နန်းခမ်းအုံ — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၄၄၇၀)

(ဍ) ဦးခင်ဇော် — အတွင်းရေးမှူး
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၇၅)

၂။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေပုဒ်မ ၆ နှင့် ၇ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်သည်။

**(ထွန်းထွန်းဦး)**
**ပြည်ထောင်စုတရားသူကြီးချုပ်**

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေတွင် အခန်း(၁၄)ခန်းပါရှိပြီး အခန်း(၄)မှာ "ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ"ဟူ၍ ဖြစ်သည်။ အခန်း(၄)တွင် ပုဒ်မ ၅၊ ၆ နှင့် ၇ တို့ ပါရှိသည်။

ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၅ မှာ "ပြည်ထောင်စု တရားသူကြီးချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး၊ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(င) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(စ) ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်တစ်ခုခုမှ ဥပဒေပါမောက္ခတစ်ဦး၊ — အဖွဲ့ဝင်

(ဆ) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊ — အဖွဲ့ဝင်

(ဇ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး ပြည်ထောင်စု တရားသူကြီးချုပ်က အတည်ပြုသော တရားလွှတ်တော်ရှေ့နေအဖြစ် ၁၅ နှစ် အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး" ဟူ၍ ဖြစ်သည်။ — အတွင်းရေးမှူး

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၆ မှာ "ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများအတွက် မူဝါဒချမှတ်ခြင်း၊

(ခ) ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသည့် ပြစ်မှုများကို သတ်မှတ်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်၏ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များက ဝန်ဆောင်မှုပေးရာတွင် ဥပဒေနှင့်ညီညွတ်မှုရှိစေရန် ကြီးကြပ်ခြင်း၊

(င) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများကို ကူညီနိုင်ရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနည်းလမ်းများ သတ်မှတ်ထားရှိခြင်းနှင့် ယင်းကိစ္စရပ်များကို အများပြည်သူသိရှိနိုင်ရန် အသိပညာပေးခြင်း၊

(ဆ) ဥပဒေဆိုင်ရာအထောက်အကူ တောင်းခံခွင့်ရှိသူများအား ဆင်းရဲနွမ်းပါးသူအဖြစ် မှတ်ယူရမည့်အချက်များကို သတ်မှတ်ခြင်း၊

(ဇ) ပြစ်မှုများနှင့်သက်ဆိုင်သည့် ပြင်ဆင်မှု၊ အယူခံမှုနှင့် အထွေထွေလျှောက်ထားမှုများတွင် ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအား ကူညီဆောင်ရွက်ခြင်း၊

(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ည) ဥပဒေအကူအညီပေးရေး လုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရေးအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(ဋ) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဌ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တို့၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ရန် အကူအညီများပေးခြင်း၊

(ဍ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ထူးခြားသောအခြေအနေကို ပြည်ထောင်စုတရားသူကြီးချုပ်သို့ အခါအားလျော်စွာ တင်ပြခြင်း" ဟူ၍ ဖြစ်သည်။

ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၇ မှာ "ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် လိုအပ်ပါက သုံးဦးထက်မပိုသော အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ ထိုပုဂ္ဂိုလ်များကို အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့်ပြုနိုင်သော်လည်း မဲပေးခွင့်မပြုရ" ဟူ၍ ဖြစ်သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ဖြစ်စဉ်မှန်များအား နိုင်ငံတကာမှသိရှိစေရန်အတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၅**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon. Rex Tillerson အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ARSA အစွန်းရောက် အကြမ်းဖက်သမားများသည် မိမိတို့လုံခြုံရေးတပ်စခန်းများကို တိုက်ခိုက်ရာတွင် အောင်မြင်မှုမရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်မည်ကို ကြောက်ရွံ့သောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခြင်းဖြစ်ကြောင်း၊ ထိုသို့ထွက်ပြေးစဉ် ၎င်းတို့၏မိသားစုများကိုပါ တစ်ပါတည်းခေါ်၍ ထွက်ခွာသွားခြင်းဖြစ်သဖြင့် ယခုကဲ့သို့ လူဦးရေများပြားသွားခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံဆက်ဆံရေးသည် အခက်အခဲတချို့ရှိသော်လည်း ရင်းနှီးသည့်ဆက်ဆံမှုများရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးခဲ့ရမှုများအပေါ် များစွာဝမ်းနည်းပါကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချပါကြောင်း။

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ယခုထက်ပိုမိုအောင်မြင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်စေလိုသည့် ဦးတည်ချက်တစ်ခုသာရှိပြီး လက်ရှိအနေအထားများကို သိရှိလိုကြောင်း မေးမြန်းဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်ဖြစ်စဉ်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်ဖြစ်စဉ်နှင့် ၂၀၁၂ ခုနှစ်ဖြစ်စဉ်တို့နှင့် ဆက်စပ်နေမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသည့် ဘင်္ဂါလီလူမျိုးများနှင့် ပတ်သက်၍ မိမိတို့ကအင်အားသုံးတိုက်ခိုက်သဖြင့် ထွက်ခွာသွားသည့် သဘောအဓိပ္ပာယ်သက်ရောက်သည့် စကားလုံးများဖြင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံများက သုံးနှုန်းပြောဆိုမှုများရှိမှုနှင့် အခြေအနေမှန်ကိုသိရှိရန်လိုအပ်မှုစသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ဖြစ်စဉ်မှန်များအား နိုင်ငံတကာမှ သိရှိစေရန်အတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် ဘင်္ဂါလီလူမျိုးများအတွက် အစိုးရမှ ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဧည့်သည်တော်ဝန်ကြီး၏ အကြံပြုချက်များကိုအမြင်ချင်းဖလှယ်ပြီး အကြမ်းဖက်မှု နှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံတပ်မတော် နှစ်ရပ် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# 8th Model ASEM 2017 သို့ တက်ရောက်လေ့လာမည့် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၅**
(၁၃) ကြိမ်မြောက် ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သော 8th Model ASEM 2017 ကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်လေ့လာမည့် နိုင်ငံတကာမှ ကျောင်းသားကျောင်းသူများသည် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။



အဆိုပါ ခရီးစဉ်တွင် အာရှနှင့် ဥရောပစသည့် ASEM အဖွဲ့ဝင် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ကျောင်းသားကျောင်းသူများအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကျောင်းသား ကျောင်းသူ ၅၆ ဦး စုစုပေါင်း ၁၅၇ ဦးသည် နေပြည်တော်၌ နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် 8th Model ASEM 2017 အစည်းအဝေးသို့ တက်ရောက်လေ့လာကြမည်ဖြစ်သည်။

ယခုအစီအစဉ်၏ ဒါရိုက်တာဖြစ်သူ Ms. Leonie Nagarajanu က "ပါဝင်သည့် နိုင်ငံအသီးသီးရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် နောင်တစ်ချိန်တွင် ကမ္ဘာ့ခေါင်းဆောင်များ ဖြစ်လာနိုင်မည်ဖြစ်ပြီး ယခုကတည်းက ကမ္ဘာနှင့် ထိတွေ့ဆက်ဆံရေးအတွေ့အကြုံကောင်းများ၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးပွင့်လင်းစွာဖြင့် တိုင်ပင်နှီးနှောသည့် အလေ့အထကောင်းများ ပေါ်ပေါက်ထွန်းကားရေးနှင့် အတူတကွပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာရေးအတွက် လေ့ကျင့်ပေးသည့် အစီအစဉ်ဖြစ်ကြောင်း" ပြောသည်။

8th Model ASEM 2017 ၏ လေးရက် အစီအစဉ်တွင် ပါဝင်မည့် ကျောင်းသား ကျောင်းသူများသည် ၎င်းတို့နိုင်ငံကိုကိုယ်စားပြုကာ ကမ္ဘာအတွက် အရေးပါသည့် ခေါင်းစဉ်တစ်ခုကို ပူးပေါင်းဆွေးနွေးအကြံပြုမည်ဖြစ်ပြီး ဆွေးနွေးပွဲမှရရှိလာသောအစီရင်ခံစာကို ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် တင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။

အစီအစဉ်တွင် ပါဝင်သည့် တောင်ကြီးနည်းပညာတက္ကသိုလ် (တတိယနှစ်) မြို့ပြအင်ဂျင်နီယာဘာသာရပ်တက်ရောက်နေသူ မောင်ခွန်ဇော်ဇော်ထွန်းက ယခုအစီအစဉ်ကို လွန်ခဲ့သည့်လက ကျောင်း၌ ASEM နှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လာရောက်ဟောပြောရာမှ စိတ်ပါဝင်စားကာ လျှောက်ထားခဲ့ကြောင်း၊ ယခုပရိုဂရမ်တွင် အာရှနှင့် ဥရောပတိုက်နှစ်တိုက်မှ ကျောင်းသား ကျောင်းသူများက ချစ်ကြည်ရေးကို ရှေးရှု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေးစသည့် ကဏ္ဍများကို ထိရောက်စွာ ပူးပေါင်းပါဝင်ဆွေးနွေးပေးနိုင်မည့် အခွင့်အရေးရရှိမည့်အပြင် မိမိတို့နိုင်ငံအတွက် ကိုယ်စွမ်းဉာဏ်စွမ်းအပြည့် ပါဝင်ခွင့်ရခြင်းကြောင့် အထူးဂုဏ်ယူမိပါကြောင်း ပြောသည်။

တက်ရောက်လာကြသည့် နိုင်ငံတကာမှ ကျောင်းသားကျောင်းသူများသည် ယနေ့ညပိုင်းတွင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ရန်ကုန်တက္ကသိုလ် အထိမ်းအမှတ်များဖြစ်သည့် အဓိပတိလမ်း၊ ဘွဲ့နှင်းသဘင်၊ တက္ကသိုလ်စာကြည့်တိုက်၊ သစ်ပုတ်ပင်နှင့် တက္ကသိုလ်ပရိဝုဏ်အတွင်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **(ဝဲပုံ)**

ထို့နောက် Recreation Centre ၌ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၁-၂၀၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံသတင်း ပထမကော်လံ ဒုတိယအပိုဒ် စာကြောင်းရေ (၅) ပါ ဂျပန်ယန်းငွေ ၁ ဒသမ ၂ ဘီလီယံ အကူအညီပေးရေး(အစား) ဂျပန်ယန်းငွေ ၁၂၅ ဘီလီယံ အကူအညီပေးရေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

ရခိုင်ပြည်နယ်သတင်း

# သံတွဲခရိုင် ကျိန္တလီမြို့ ရှောက်ကုန်ကျေးရွာ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျိန္တလီ နိုဝင်ဘာ ၁၅**
ရခိုင်ပြည်နယ် သံတွဲခရိုင် ကျိန္တလီမြို့ ရှောက်ကုန်ကျေးရွာ ကွင်းအမှတ်(၂၅၆) ဦးပိုင်အမှတ် (၇၈/က)တောင်သူ ဦးဝင်းမောင် စိုက်ပျိုးထားသော ဆင်းသွယ်လတ် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ငါးဧကအား စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း လုပ်ငန်းကို နိုဝင်ဘာ ၁၀ ရက်တွင် ဆောင်ရွက်သည်။




အခမ်းအနားကို သံတွဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မြင့်ရီနှင့် ဝန်ထမ်းများ၊ ကျိန္တလီမြို့မှ အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် တောင်သူများစုစုပေါင်း ၂၀ တို့က ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်းသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သန်းက မျိုးစေ့ထုတ်လုပ်ရာတွင် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်း မျိုးသန့်သုံးစွဲရန် လိုအပ်ကြောင်းနှင့် မျိုးကောင်း မျိုးသန့် သုံးစွဲရခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်းတွင် စံကွက်ရိတ်သိမ်းရာ တစ်ဧက ၉၇ ဒသမ ၉၀ တင်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**
မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ဥဒေါင်းကျေးရွာတွင် နွားနှစ်ကောင်၊ ဆိတ်တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ နန်အောင်မြေကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ဖားဝပ်ချောင်းကျေးရွာတွင် နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားသုံးကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်လေးကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၈၁ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၃၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်သည်။

မောင်တောမြို့နယ်ရှိ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့မှ စခန်းပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ဥဒေါင်း(တိုင်းရင်းသား)ကျေးရွာ၊ နန်အောင်မြေ (တိုင်းရင်းသား)ကျေးရွာနှင့် ဖားဝပ်ချောင်း(တိုင်းရင်းသား)ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ရာတွင် ပိုင်ရှင်မဲ့ကျွဲ၊ နွားများ မတွေ့ရှိပါကြောင်းနှင့် စခန်းအနီးပတ်ဝန်းကျင်ကျေးရွာများတွင် တွေ့ရှိသောပိုင်ရှင်ရှိနွား၊ ဆိတ်များအား ဆေးကုသဆောင်ရွက်ပေးလျက်ရှိပါကြောင်း သိရသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ်သတင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အတိုင်း ကိုင်းကြီး(မြို) ကျေးရွာသစ်တွင် အိမ်ရာသစ်များအပြင် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများပါ ဆောင်ရွက်ပေးသွားမည်

**မောင်တော နိုဝင်ဘာ ၁၅**

မောင်တောမြို့နယ် ကိုင်းကြီး(မြို) ရွာအနောက်ဘက်၌ ဩဂုတ်လ ၃ ရက် နံနက်ပိုင်းက တောင်ယာလုပ်ကိုင်နေသည့် မြိုတိုင်းရင်းသားများအား အစွန်းရောက်အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သဖြင့် ကျေးရွာသား ရှစ်ဦး သေဆုံးခဲ့သည်။ ဩဂုတ်လ ၂၅ ရက် မောင်တောဒေသတွင် အကြမ်းဖက်ဖြစ်စဉ်များ ထပ်မံဖြစ်ပွားပြီးနောက် တောင်ပေါ်တွင် ကျေးရွာတည် နေထိုင်သည့် မြိုတိုင်းရင်းသားများသည် ကိုင်းကြီး(မြို) ကျေးရွာဟောင်းအား စွန့်ခွာခဲ့သည်။ စွန့်ခွာခဲ့သော မြိုတိုင်းရင်းသားများအား ကျေးရွာသစ်တည်ဆောက်ပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ကားလမ်းနှင့်နီးသည့် မောင်တောမြို့နယ် သံဒါကွင်း၊ သံဒါကျေးရွာအုပ်စုအနီးတွင် အိမ်ခြေ ၅၀ ပါဝင်သည့် ကိုင်းကြီး(မြို) ကျေးရွာသစ်ကို မွန်ပြည်နယ် အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ တည်ဆောက်ပေးလျက်ရှိသည်။ ဆောက်လုပ်လျက်ရှိသည့် ကိုင်းကြီး(မြို) ကျေးရွာသစ်တွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူများ၏ လှူဒါန်းမှုဖြင့် စာသင်ကျောင်းဆောင်သစ်နှင့် ဘုန်းတော်ကြီးကျောင်းတို့ကို ဆောက်လုပ်ပေးသွားမည်ဖြစ်သည်။

ထို့ကြောင့် သတင်းအဖွဲ့သည် ကိုင်းကြီး(မြို) ကျေးရွာသစ် အကောင်အထည်ဖော်နေမှု အခြေအနေအား သိရှိနိုင်ရန် နိုဝင်ဘာ ၁၂ ရက်က ကိုင်းကြီး(မြို) ကျေးရွာသစ်သို့ သွားရောက်၍ တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါ်နီလာကျော် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး**

**မေး။ ။ကိုင်းကြီး(မြို) ကျေးရွာသစ်တည်ဆောက်ပြီး တောင်ပေါ်မှာနေတဲ့ မြိုတိုင်းရင်းသားတွေအတွက် နေရာချပေးမယ့်အစီအစဉ်ကို ပြောပြပေးပါ။**

ဖြေ။ ။ကိုင်းကြီးရွာက နှစ်ရွာရှိတယ်။ ရခိုင်တိုင်းရင်းသားတွေနေတဲ့ ကိုင်းကြီးရွာနဲ့ မြိုတိုင်းရင်းသားတွေနေတဲ့ မြိုရွာဆိုပြီးတော့ပါ၊ အခု တောင်ပေါ်မှာနေထိုင်တဲ့ မြိုတိုင်းရင်းသားတွေက ကားလမ်းနဲ့နီးတဲ့ ပတ်ဝန်းကျင်နေရာသစ်ကို ပြောင်းရွှေ့ချင်တယ်ဆိုလို့ ကားလမ်းနဲ့နီးတဲ့ သံဒါကွင်း၊ သံဒါကျေးရွာအုပ်စုကို ပြောင်းပေးတာပါ၊ မြိုတိုင်းရင်းသားတွေမှာ လူဦးရေ ၂၅၈ ဦးနဲ့ အိမ်ခြေက မူလက ၄၆ အိမ်ရှိတယ်၊ အခု အိမ်ကွက်ချပေးရင်တော့ အိမ်ကွက် တစ်ကွက်ကို ပေ ၄၀ × ပေ ၆၀ နဲ့ အိမ်ကွက် ၅၀ ချပေးပါမယ်၊ အဲဒါကို အခုဒေသခံ ဆောက်လုပ်ရေးအဖွဲ့တွေနဲ့ တည်ဆောက်သွားမယ်၊ တည်ဆောက်တာက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်နဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ ဦးဆောင်မှုကြောင့် ကျွန်မက ဒီမှာလာပြီး ကြီးကြပ်ပေးတာပါ၊ အိမ်တွေရဲ့ ဒီဇိုင်းပုံစံကို ဒီမှာနေထိုင်မယ့် ရွာသားတွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပေးဖို့ မှာကြားပါတယ်၊ အိမ်ရဲ့ ကြမ်းခင်းကအစ မျက်နှာကြက်အထိ ပြည့်ပြည့်စုံစုံလုပ်ပေးမှာပါ၊ မြိုတိုင်းရင်းသားတွေနဲ့ ညှိနှိုင်းပြီးတော့ ရေတွင်းတူးမယ်၊ အိမ်ခြံစည်းရိုး၊ ရေ၊ လမ်း၊ မီးအထိပေါ့၊ မီးကတော့ ဒီဘက်မှာ ပါဝါလိုင်းတွေ မရောက်သေးခင်တော့ ဆိုလာစနစ်နဲ့ မီးပေးရမှာပါ၊ ဒီရွာမှာ လိုအပ်နေတဲ့ ဆေးပေးခန်း၊ စာသင်ကျောင်းတို့ကိုတော့ တနင်္သာရီတိုင်းဒေသကြီးက ဆောက်လုပ်လှူဒါန်းမှာဖြစ်ပါတယ်၊ ဘုန်းကြီးကျောင်းကအစ ဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် က ကိုင်းကြီး(မြို) ကျေးရွာသစ်မှာ အဆောက်အအုံတွေ ဆောက်လုပ်ပေးရုံတင်မကဘဲ ဒီမှာရှိတဲ့သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုအားလုံးကို ဆောင်ရွက်ပေးသွားဖို့နဲ့ သူတို့ရဲ့ နေ့စဉ် အခွင့်အလမ်းအလုပ်အကိုင်တွေရရှိဖို့ သူတို့ကို အသက်မွေးဝမ်းကျောင်းပညာတွေပါ သင်ကြားပေးသွားဖို့ အစီအစဉ်တွေရှိပါတယ်။

**မေး။ ။မောင်တောမှာ ကျေးရွာသစ်တွေ စတင်အကောင်အထည်ဖော်တာ ဘယ်အချိန်လောက်ကစပြီး ဘယ်အချိန်မှာ ပြီးစီးနိုင်မလဲ ခင်ဗျာ။**

ဖြေ။ ။အောက်တိုဘာလ ၁၉ ရက်ကစပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက သက်ဆိုင်ရာအလိုက် တာဝန်ယူပါတယ်၊ ကိုင်းကြီး(မြို) ရွာသစ်အတွက် စာမှာတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့လို့ ရေးထားပေမယ့် မွန်ပြည်နယ်အစိုးရအဖွဲ့ကလည်း ပူးပေါင်းဆောင်ရွက်ပါတယ်၊ ပဲခူးတိုင်းဒေသကြီးကလည်း ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ပြောထားတာရှိပါတယ်၊ ဒါကြောင့် ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်မှာပါ၊ အခု စလုပ်နေပြီဆိုပေမယ့် ဒီဒေသမှာက ပစ္စည်းတွေ သယ်ယူဖို့ သွားရေးလာရေးရှိမယ်၊ အိမ်ဆောက်တဲ့နေရာမှာ အမိုး၊ အမိုးဒိုင်း၊ ပြတင်းပေါက်၊ သံချောင်းတို့ကို သယ်ရမယ်။ အုတ်ကတော့ ဒီဒေသမှာ ဖုတ်တယ်ဆိုတော့ ဒီကပဲ ယူသုံးမယ်၊ အုတ်မလောက်ရင်တော့ ကွန်ကရစ်အုတ်ပါ ထုတ်လုပ်မယ်၊ တတ်နိုင်သမျှ အမြန်ပြီးစီးအောင် ဆောင်ရွက်မှာဖြစ်ပေမယ့် ဒီမှာက အလုပ်သမားရှားပါးမှုရှိတယ်၊ ဒေသခံအလုပ်သမား ရှားတဲ့အတွက် ပို့ပေးဖို့ကလည်း သွားရေးလာရေး ခက်ခဲတဲ့အတွက် အဲဒီပေါ်မှာ မူတည်ပြီး အချိန်ကာလ အပြောင်းအလဲရှိပါမယ်။


ဒေါ်နီလာကျော်

**မေး။ ။ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေနဲ့ အခုဆောက်လုပ်ပေးမယ့် မြိုတိုင်းရင်းသား ကျေးရွာသစ်အပြင် မောင်တောဒေသမှာ ဘာတွေများ ဆက်လက်ကူညီဆောင်ရွက်ပေးဖို့ ရှိပါသလဲ။**

ဖြေ။ ။ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ ပူးပေါင်းပြီး ပန်းတောပြင်မှာလည်း အိမ် ၂၂ လုံး ဆောက်လုပ်ပေးဖို့ရှိပါတယ်၊ သူကတော့ မြို့နဲ့နီးတဲ့အတွက် အခြားအရာတွေ မပါပါဘူး။

**မေး။ ။ဆောက်လုပ်ပေးမယ့် နေအိမ်ရဲ့ အကျယ်အဝန်း သိချင်ပါတယ်။**

ဖြေ။ ။အိမ်မကြီးက ၂၄ ပေ × ပေ ၂၀၊ နောက်ဘက်မှာ မီးဖိုချောင်က ၆ ပေ × ပေ၂၀ နဲ့ အိမ်ရှေ့မှာ ဖိနပ်ချွတ်က ၆ ပေ × ပေ ၂၀ ပါ၊ နောက်ခြံဝင်းထဲမှာ ရေချိုးခန်း အိမ်သာ သက်သက် ပါပါသေးတယ်။

**မေး။ ။အခုလို ဆောင်ရွက်ပေးရတဲ့အပေါ် ဘာများ ပြောချင်ပါသေးသလဲ။**

ဖြေ။ ။မြိုတိုင်းရင်းသားဆိုတာ ကိုယ့်တိုင်းရင်းသားတွေပါ၊ အခုလို ဆောင်ရွက်ပေးရတာကို ဝမ်းသာတယ်၊ အခု ငွေလှူလိုက်ရင်ပြီးရော၊ အဆောက်အအုံတွေ ဆောက်ပေးလိုက်ရင် ပြီးရောဆိုတာမျိုး မဟုတ်ဘဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အတိုင်း သူတို့နေရမယ့် အိမ်အပြင် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ဆောင်ရွက်ပေးသွားမယ်၊ နောက်ထပ် လှူဒါန်းသူရှိရင် ရှိသလိုမျိုး ပရိဘောဂကအစ ဆောင်ရွက်ပေးသွားမှာပါ။


ဦးစံထွန်း

**ဦးစံထွန်း (ဥက္ကဋ္ဌ)**
**ကိုင်းကြီး(မြို)ရွာ**

**မေး။ ။အရင်က ဘယ်မှာနေပါသလဲ၊ ဒီမှာ ရွာသစ်တည်ဖို့ တောင်းဆိုဖြစ်တဲ့အကြောင်းလေး ပြောပြပါ။**

ဖြေ။ ။ကျွန်တော်တို့ ကိုင်းကြီး(မြို) ရွာဆိုတာ တောထဲမှာပဲရှိတာ၊ မေယု သစ်တောကြိုးဝိုင်းထဲမှာပဲနေတာ၊ အဲဒီမှာ မြို ဓလေ့ထုံးစံအတိုင်း ဘိုးစဉ်ဘောင်ဆက် တောင်ယာပဲ လုပ်ကိုင်စားသောက်တယ်၊ ကွန်ကရစ်ကားလမ်းနဲ့ နှစ်မိုင်ခွဲလောက် ဝေးတယ်၊ ဒီကားလမ်းနားမှာက ကိုင်းကြီး(ရခိုင်) ရွာပဲရှိတာ၊ ကျွန်တော်တို့ ကိုင်းကြီး (မြို)ရွာမှာက ဩဂုတ်လ ၃ ရက်တုန်းက လူရှစ်ယောက် အသတ်ခံရတယ်၊ အဲဒါတွေတင်ပြလို့ အခု ကွန်ကရစ်ကားလမ်းနဲ့ နီးတဲ့နေရာမှာ အိမ်ဆောက်ပေးတာပါ။

**မေး။ ။လက်ရှိ ဘယ်လိုနေထိုင်လဲ၊ အခု ဒီမှာဆောက်နေတဲ့ အိမ်တွေက ဘယ်အချိန်မှာပြီးမယ် ပြောပါသလဲ။**

ဖြေ။ ။ဩဂုတ် ၂၅ ရက် အကြမ်းဖက်ဖြစ်စဉ်ကြောင့် ကျွန်တော်တို့ ဘူးသီးတောင်ကို ထွက်ပြေးရတယ်၊ နောက် ပြန်လာတယ်၊ ရွာကိုလည်း မပြန်ရဲတာနဲ့ ဒီနားမှာ တဲထိုးပြီး နေကြတယ်၊ အခု အိမ်တွေကို တစ်လ နှစ်လအတွင်းမှာတော့ ပြီးစီးအောင် အကောင်အထည်ဖော်မယ်လို့ ပြောပါတယ်။


ဦးအောင်ထိုက်

**မေး။ ။စာသင်ကျောင်း ပါဆောက်မယ်ဆိုတော့ အရင်ကရော စာသင်ကျောင်းရှိသလား၊ ကျောင်းသားဦးရေ ဘယ်လောက်ရှိသလဲ။**

ဖြေ။ ။အရင် ရွာဟောင်းမှာက ကျောင်းကို သစ်၊ ဝါး ခုတ်ပြီး ကိုယ်ထူကိုယ်ထ ဆောက်ထားတာပါ။ ကျောင်းသား ၄၂ ယောက်ရှိတယ်။ ကျောင်းဆရာကိုတော့ စပါးပေးပြီး ငှားတယ်၊ အစိုးရမူလတန်းကျောင်းနဲ့ တွဲဖက်ပြီး ရွာထဲမှာသင်တယ်၊ မူလတန်းကျော်သွားပြီဆိုရင် ၃ မိုင်ပရဟိတကျောင်းကို သွားပို့တယ်၊ ကျွန်တော်တို့ မြိုတိုင်းရင်းသားတွေ အဲဒီမှာအကုန်ရှိတယ်။

**မေး။ ။လက်ရှိ စားသောက်နေထိုင်မှုကို ပြောပြပါဦး။**

ဖြေ။ ။လက်ရှိမှာတော့ လုပ်ကိုင်စားသောက်မှုမရှိသေးဘူး၊ ကျွန်တော်တို့ကို ကြက်ခြေနီအသင်းနဲ့ ရခိုင်အဖွဲ့အစည်းတွေက ကယ်ဆယ်ရေးအနေနဲ့ ဆန်ပေးတယ်၊ ဆီပေးတယ်၊ ဆားပေးပါတယ်၊ ကျွန်တော်လည်း မအားသေးလို့ပါ၊ ကျွန်တော်တို့က တောထဲမှာပဲနေတယ်၊ မြေပြန့်ကိုလည်း မရောက်ဖူးသေးတော့ ပညာရေး၊ ကျန်းမာရေး အရာရာ အဘက်ဘက်မှာ နောက်ကျခဲ့ရတဲ့ သူတွေဖြစ်တယ်၊ အခုလို လုပ်ဆောင်ပေးတဲ့အတွက် တစ်ရွာလုံးက ဝမ်းသာနေပါတယ်၊ အထူးကျေးဇူးတင်နေပါတယ်။

**ဦးအောင်ထိုက်**
**ကိုင်းကြီး(မြို) ကျေးရွာသစ်**
**ဆောက်လုပ်ရေးတာဝန်ခံ**

**မေး။ ။ကိုင်းကြီး(မြို)ကျေးရွာသစ် အတွက် ဘယ်လိုကဏ္ဍကနေ တာဝန်ယူနေတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မောင်တော၊ ကိုင်းကြီးရွာ မြိုတိုင်းရင်းသားတွေ နေထိုင်ရေးအတွက် အိမ်ရာအဆောက်အအုံတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ငန်းမြန်ဆန်ပြီးစီးဖို့အတွက် တာဝန်ခံတစ်ယောက်အနေနဲ့ ဆောင်ရွက်နေပါတယ်။

**မေး။ ။အခုလို တာဝန်ယူတည်ဆောက်ပေးနေတော့ ဘယ်အချိန်လောက်မှာ ပြီးစီးနိုင်မယ်လို့ မျှော်လင့်ထားပါသလဲ။**

ဖြေ။ ။ကျွန်တော်တို့ကတော့ မြန်မြန်ဆန်ဆန် ပြီးလေကောင်းလေပါပဲ၊ အဲဒီအတွက် လုပ်ငန်းသုံးပစ္စည်းတွေ၊ လုပ်ငန်းသုံးယန္တရားတွေ၊ ဆောက်လုပ်ရေး လုပ်သားတွေ အင်အားများများ သုံးပြီးတော့ ဆောက်လုပ်ဖို့ ရည်ရွယ်ထားပါတယ်၊ သယ်ယူပို့ဆောင်ရေး အလှမ်းဝေးတာ တစ်ခု၊ လုပ်ငန်းသုံးပစ္စည်းတွေ အချိန်မီရောက်ရှိရေး တစ်ခု၊ ဆောက်လုပ်မယ့် မြေပြင်အနေအထား ရဲ့ အခြေအနေပေါ် မူတည်ပြီး ဆောက်လုပ်ရမှာ ဖြစ်တာကြောင့် အချိန်ကာလ အတိအကျ မပြောနိုင်ပေမယ့် မိုးမကျမီ အမိုးအကာအောက်ရောက်တဲ့အထိကို ကြိုးစားဆောင်ရွက်ပါမယ်၊ မြန်လေ ကောင်းလေပါ၊ ကျွန်တော်တို့က ဆောက်လုပ်ရေး လုပ်သားတွေ စခန်းသွင်း ဆောင်ရွက်မှာဖြစ်တဲ့အတွက် အချိန်ကြာရင် စရိတ်များတယ်၊ ဒါကြောင့် မြန်မြန်ဆန်ဆန် ဆောက်ဖို့ ရည်ရွယ်ထားပါတယ်။

**မေး။ ။ဆောက်လုပ်ပေးမယ့် ပုံစံနဲ့ ရွာအနေအထားကို ပြောပေးပါဦး။**

ဖြေ။ ။ပေ၄၀ × ပေ ၆၀ မြေကွက်ပေါ်မှာ ရာသီဥတုဒဏ်ခံနိုင်တဲ့၊ ဒေသနဲ့ ကိုက်ညီတဲ့ပုံစံတွေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပေးတဲ့ ပုံစံအတိုင်း တည်ဆောက်မှာပါ၊ လမ်းကိုလည်း သတ်မှတ်ထားတာက ရွာအဝင်လမ်း ပေ ၆၀၊ ရွာပတ်လမ်း ပေ ၅၀ ပါ၊ ရွာအဝင်လမ်းနဲ့ ရွာပတ်လမ်းတွေပေါ်မှာ မိုးတွင်းကာလ ရေမမြုပ်အောင်၊ ရေစီးရေလာကောင်းအောင်၊ ကျွန်တော်တို့က တိုင်ပင်ပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ကျေးရွာ အင်္ဂါရပ်နဲ့ညီအောင် ဘယ်လိုအရာတွေပါ ထည့်သွင်းတည်ဆောက်မလဲဆိုတာ ဖြေကြားပေးပါဦးခင်ဗျာ။**

ဖြေ။ ။ကနဦးအနေနဲ့ မြိုတိုင်းရင်းသားတွေ အေးအေးချမ်းချမ်း နေထိုင်ဖို့ ပထမအဆင့် ရည်ရွယ်ပါတယ်၊ နောက်ထပ် လူကြီးတွေက ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတွေပါ ထည့်သွင်းပေးသွားမယ်လို့ သိရပါတယ်၊ ကျွန်တော်တို့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား လာရောက်ဆောင်ရွက်ပေးတာပါ၊ ဒီအပေါ်မှာ အကျိုးအမြတ်အတွက် မရည်ရွယ်ပါဘူး၊ အထူးသဖြင့် ကျွန်တော်တို့က ဒေသခံအနေနဲ့ လုပ်ငန်း မြန်မြန်ဆန်ဆန်ပြီးအောင်နဲ့ နေထိုင်မယ့် မြိုတိုင်းရင်းသားတွေ မြန်မြန်ဆန်ဆန် နေထိုင်နိုင်အောင် အတွက်ပဲ ရည်ရွယ်ပါတယ်၊ လက်ရှိမှာတော့ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး အစီအစဉ်နဲ့ ဒီနားက ကားလမ်းဘေးမှာနေပါတယ်။

**မေး။ ။ပန်းတောပြင်မှာ အိမ်ခြေ ၂၂ လုံး ဆောက်လုပ်ပေးမယ်ဆိုတာ သိရပါတယ်၊ အဲဒါကရောခင်ဗျာ။**

ဖြေ။ ။ပန်းတောပြင်မှာက ဆက်ပြီး ဆွေးနွေးဆဲပါ၊ လုံခြုံရေး အခြေအနေအရ ကျွန်တော်တို့ ကိုယ်တိုင်လည်းသွားရောက်ပြီး အနီးကပ် မကြီးကြပ်နိုင်တာကြောင့် အခြေအနေကို တိတိကျကျ ပြောလို့မရပါဘူး၊ လုံခြုံရေး မပါဘဲနဲ့ သွားလို့မရဘူး။

(ကျေးဇူးပါခင်ဗျာ)

**သတင်းအဖွဲ့၊ ဓာတ်ပုံ-ဖိုးထောင်**


ကိုင်းကြီး(မြို) ကျေးရွာသစ် ချထားပေးမည့် မြေနေရာအား ရှင်းလင်းနေစဉ်။

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များ ရှင်းလင်းပွဲ ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရခိုင်ပြည်နယ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကိုးဖွဲ့မှ ကိုယ်စားလှယ်များ၊ ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍(UEHRD)ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ကူညီခြင်းဖြစ်ကြောင်း၊ Task Forces ကိုးခုဖြင့် ဆောင်ရွက်ရာတွင် အောင်မြင်မှုလည်း ရှိပြီး အခက်အခဲများလည်းရှိနိုင်ကြောင်း၊ ရခိုင်ပြည်နယ်အတွက် တတ်နိုင်သမျှ ကူညီပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလုပ်ဖြင့် သက်သေပြလိုကြောင်း၊ အတိတ်ကိုပြောမနေဘဲ အနာဂတ်အတွက် ပူးပေါင်းပြီး ဖန်တီးဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းအဖွဲ့များမှ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ စီးပွားရေးဇုန်ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေးစုဆောင်းရေး (Crowed Funding)၊ ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ဆက်သွယ်ရေးနှင့် ပြန်ကြားရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် အသေးစား ငွေကြေးထောက်ပံ့မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**





## UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ သစ်အခြေခံပရိဘောဂအသင်း၊ သစ်အခြေခံအနုပညာအသင်း၊ ကြိမ်နှင့် ဝါး လုပ်ငန်းရှင်များအသင်းတို့က လှူဒါန်းငွေကျပ် ၂၁၉၆၁၀၀၀ ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယနေ့ ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မောင်တောဒေသတွင်လည်း တစ်ပြိုင်တည်း ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်သွားမည်

**မောင်တော နိုဝင်ဘာ ၁၅**

ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို နိုဝင်ဘာ ၁၅ ရက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ အသက် (၉)နှစ်မှ (၁၅)နှစ်အထိ ကလေးငယ် ၁၄ သန်းကို တစ်ပြိုင်တည်း ကာကွယ်ဆေးထိုးပေးတော့မည်ဖြစ်ပြီး ရခိုင်ပြည်နယ် မောင်တောဒေသတွင်လည်း တစ်ပြိုင်တည်း ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ

"ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ် ၁၇ မြို့နယ်က ရည်မှန်းလူဦးရေ ၁၀ သိန်းကျော်ကို ဆေးထိုးပေးသွားမှာပါ။ တစ်ပြိုင်တည်း ဆေးထိုးပေးနိုင်ဖို့အတွက်လည်း လိုအပ်တဲ့ ဆေးဝါးနဲ့ ကျွမ်းကျင်ဝန်ထမ်းတွေကို ကြိုတင်ပို့ဆောင်ထားပါတယ်"ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

"ရခိုင်ပြည်နယ်က မြစ်ချောင်းအင်းအိုင်နဲ့ တောတောင် ထူထပ်တဲ့အတွက် ခြင်ကတစ်ဆင့် ဖြစ်ပွားတဲ့ ရောဂါတွေကြောင့် အသက်ဆုံးရှုံးမှုတွေ၊ ကိုယ်အင်္ဂါ မသန်စွမ်းတာတွေကို အတော်ခံစားခဲ့ရပါတယ်၊ ကျွန်တော်တို့အနေနဲ့ ဒီလိုကာကွယ်ဆေးကိုရရှိဖို့ နှစ်အတော်ကြာ ကြိုးစားခဲ့သော်လည်း နိုင်ငံရဲ့ အခြေအနေအရ မရရှိခဲ့ပါဘူး၊ အခုကျန်းမာရေးဝန်ကြီးရဲ့ ကြိုးစားမှုကြောင့် အခုလို အကောင်အထည်ပေါ်လာတာပါ။ ပြည်နယ်အတွင်းမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေကိုလည်း မှာထားပါတယ်၊ လူဦးရေ လျော့နည်းတဲ့အတွက် (၁၅)နှစ် စွန်းစွန်းတွေကိုပါ ထိုးပေးဖို့ မှာထားပါတယ်"ဟု ၎င်းကပြောသည်။

အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို အပြည့်အဝ ဆောင်ရွက်နိုင်မလားဆိုသည်နှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးက "မောင်တောမှာ ၂ သိန်းကျော်နဲ့ ဘူးသီးတောင်က ၁ သိန်းကျော် မြို့နယ် နှစ်ခုပေါင်း ၃ သိန်းခွဲနီးပါးကို ဆေးထိုးဖို့ ရည်မှန်းထားပါတယ်၊ ထွက်ပြေးသွားသူတွေနဲ့ နေရပ်စွန့်ခွာသူတွေကြောင့် လူဦးရေ လျော့နည်းသွားနိုင်ပါတယ်၊ ဆေးဝါးနဲ့ ကျွမ်းကျင်သူတွေက သတ်မှတ်နေရာ အသီးသီးမှာ အဆင်သင့်ရောက်နေကြပါပြီ၊ ဒါကြောင့် (၁၅)နှစ် စွန်းစွန်းကလေးတွေကိုပါ ထိုးပေးဖို့ ပြောထားပါတယ်"ဟု ပြောသည်။

နိုဝင်ဘာ ၁၃ ရက်က မီဒီယာခရီးစဉ်တစ်ခုကို လိုက်ပါရင်း မောင်တောမြောက်ဘက်ပိုင်းက ဒိုင်းနက်တိုင်းရင်းသား အများစုနေထိုင်ကြသည့် သဘော်လှကျေးရွာမှာ ကာကွယ်ဆေးထိုးရန် နှိုးဆော်သည့် ကြော်ငြာဗီနိုင်းကို တွေ့ရလို့ မေးကြည့်ရာ ရွာမှာဆေးထိုးရန် ဆေးဝါးနှင့် သူနာပြုဆရာမများ ရောက်နေကြောင်း သိရသည်။

လွန်ခဲ့သည့် ရက်ပိုင်းကတည်းက ကြိုတင်ရောက်ရှိနေကြောင်းနှင့် ဆေးထိုးရမည့် လူဦးရေမှာ ၁၆၀ ကျော်ရှိကြောင်း သိရသည်။

**ကိုဇော်(အင်းစိန်)**

## စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူး၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ စုစုပေါင်း ဧက ၁၈၀၈ ဧကကို ရိတ်သိမ်းပြီး ဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ စုစုပေါင်း ၁၃၂ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်းကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၉၁ ဧက ရိတ်သိမ်းပြီးဖြစ်သည်။



မောင်တောမြို့နယ် သီဟိုဠ်ကျွန်းကျေးရွာတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါး ရိတ်သိမ်းခြွေလှေ့ပေးနေစဉ်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်သိုက်ကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၃၆ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၂၉ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၅၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ စုစုပေါင်း ၈၂ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုမီဒီယာမှတစ်ဆင့် သမီးရည်းစားဖြစ်၍ ချိန်းတွေ့စဉ် စကားများရာမှ လူသတ်မှုဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် နဘဲကျေးရွာသွားလမ်းဘေးရှိ ပဲစင်းငုံခင်း၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက လည်ပင်းတွင် ဓားဖြင့်လှီးအသတ်ခံရသော အမျိုးသမီးအလောင်းတစ်လောင်းတွေ့ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေးစုံစမ်းမှုအရ သေဆုံးသူမှာ ညောင်မြစ်ကျေးရွာနေ မလဲ့လဲ့သင်း(၃၅)နှစ် ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူမှာ ဝက်လက်မြို့နယ် ကျီးကန်တောင်ရွာနေ ဟန်ဦး(၄၀)နှစ်ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မလဲ့လဲ့သင်းနှင့် ဟန်ဦးတို့သည် လွန်ခဲ့သော သုံးလခန့်ကစ၍ လူမှုမီဒီယာမှတစ်ဆင့် ချစ်သူဖြစ်ခဲ့ကြောင်း၊ မလဲ့လဲ့သင်းနှင့် မကြာခဏချိန်းဆိုပြီး နိုဝင်ဘာ ၂ ရက်တွင် မလဲ့လဲ့သင်းက ၎င်းတွင် ကိုယ်ဝန်ရှိကြောင်း ပြောသဖြင့် စကားများရန်ဖြစ်ကြပြီး ဟန်ဦးက ၎င်းတွင် အသင့်ပါလာသော ကော်ရိုးအနက်တပ် ကိုးလက်မခန့်ရှိ စတီးဓားဖြင့် လည်ပင်းလှီးဖြတ် သတ်ခဲ့ကာ မလဲ့လဲ့သင်း၏ လက်ဝတ်ရတနာများနှင့် CZI-125 ဆိုင်ကယ်အား ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ပြစ်မှုကျူးလွန်သူအား ဥပဒေအရ စစ်ဆေးအရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တချို့တွင် အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တချို့အတွင်း ရေဝင်ရောက်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်တချို့တွင် ယနေ့မွန်းလွဲ ၂ နာရီခန့်က အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တချို့အတွင်း ရေဝင်ရောက်ခဲ့သည်။

အဆိုပါ မိုးရွာသွန်းခဲ့မှုနှင့်ပတ်သက်၍ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက် စီမံကိန်း(၂)နေသူ ဦးကျော်က "လေတွေတိုက်ပြီး တစ်နာရီလောက်ကြာအောင် မိုးတော်တော်ရွာသွားတယ်၊ လျှပ်စီးတွေလက်ပြီး မိုးကြိုးပစ်တဲ့အသံတွေလည်း ကြားရတယ်၊ လေတွေတိုက်လို့ လမ်းဘေးမီးတိုင်က ဓာတ်ကြိုးတွေအချင်းချင်း ရိုက်မိပြီး မီးပွားတွေတောင် ထွက်တယ်၊ ခဏကြာတော့ မီးပျက်သွားတယ်၊ လမ်းဘေးမြောင်းက ရေတွေကလည်း လျှံတက်လာပြီး အိမ်တွေထဲဝင်လာတယ်၊ အိမ်ရှေ့လမ်းမပေါ်မှာတောင် ရေကသုံးပေကျော်ကျော်လောက်အထိ တက်သွားတယ်၊ မိုးရွာပြီး သိပ်မကြာဘူး ရေပြန်ကျသွားတယ်၊ လူထိခိုက်တာမျိုးတော့ မရှိပါဘူး"ဟု ပြောသည်။

ထိုသို့ လေပြင်းတိုက်ခတ်ပြီး မိုးရွာနေချိန်တွင် မြို့နယ်တချို့၌ လျှပ်စစ်မီးများ ယာယီပြတ်တောက်ခြင်း၊ ရပ်ကွက်တချို့အတွင်းရှိ လမ်းများပေါ်တွင် ရေကျော်ခြင်း၊ လမ်းဘေးဈေးဆိုင်များတွင် ထီးအမိုးများ လန်ခြင်း၊ ကားလမ်းမကြီးများပေါ်တွင် သစ်ရွက်များ လွင့်ကြွေခြင်းတို့ ဖြစ်ပေါ်ခဲ့သည့်အပြင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက်ရှိ နေအိမ်တချို့အတွင်းသို့ ရေဝင်ရောက်ခဲ့သော်လည်း နာရီပိုင်းအတွင်း ရေပြန်လည်ကျဆင်းသွားကြောင်း သိရသည်။

"မိုးရွာပြီး လေတွေတိုက်လို့ ကားလမ်းပေါ်မှာ အမှိုက်နဲ့ သစ်ရွက်တွေ ပြန့်ကျဲသွားတယ်၊ အဲဒီ အမှိုက်တွေကို အချိန်နဲ့တစ်ပြေးညီ သန့်ရှင်းရေးဆောင်ရွက်နေတာပါ၊ အဓိကအနေနဲ့ကတော့ မိန်းလမ်းမကြီးတွေပေါ်မှာ အမှိုက်မရှိအောင် ဦးစားပေးလုပ်နေတာပါ"ဟု မိုးရွာအပြီး တာမွေမြို့နယ် အရှေ့မြင်းပြိုင် ကွင်းလမ်းပေါ်တွင် သန့်ရှင်းရေး ဆောင်ရွက်နေသူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ယနေ့ မိုးရွာသွန်းခဲ့မှုနှင့်ပတ်သက်၍ မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က မိုးတိမ်တောင်ဖြစ်ပေါ်နိုင်မှုအခြေအနေ ခန့်မှန်းချက်အရ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များဖြစ်နိုင်ကြောင်း၊ မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီခွဲအတွင်း ရန်ကုန်တွင် ထစ်ချုန်းမိုးရွာသွားခဲ့ကြောင်း၊ မိုးတိမ်တောင်သည် Local Weather သက်သက်မျှသာဖြစ်ပါကြောင်းဖြင့် ၎င်း၏ လူမှုကွန်ရက် စာမျက်နှာ (ဖေ့ဘွတ်ခ်)တွင် ရေးသားဖော်ပြထားသည့်အပြင် အဆိုပါ ဖြစ်စဉ်သည် မိုးတိမ်တောင်တစ်ခုအနေဖြင့် နာရီပိုင်းအတွင်း ဖြစ်ပျက်တတ်သည့် သဘာဝ၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်ခြင်းစသည်တို့နှင့်အတူ တွဲပါလာတတ်သည့် သဘာဝကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အရွယ်အစား အလွန်သေးသည့် mesoscale သာဖြစ်သည့်အတွက် ရေဒါဖြင့်သာ တိုင်းတာနိုင်ကြောင်းတို့ကို မှတ်ချက်ဖြင့် ရေးသားဖော်ပြခဲ့သည်။



အလားတူ ယနေ့မိုးလေဝသအခြေအနေနှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက နိုဝင်ဘာ ၁၄ ရက် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေကြောင်း သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး**

# တရားမဝင်ပစ္စည်းများ သယ်ဆောင်လာမှု မရမ်းချောင် စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၁၅**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ တရားမဝင် ကုန်စည်များ သယ်ဆောင်လာမှုကို မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက နိုဝင်ဘာ ၁၄ ရက်က သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် Nissan ခြောက်ဘီးယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Nissan ခြောက်ဘီးခေါင်း Without Engine Without Frame (1) U, Fuso ခြောက်ဘီးခေါင်း Without Engine Without Frame (1)U နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၅၆၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၆၀၅ သန်းခန့်) စုစုပေါင်း ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၁၆၅ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ နိုဝင်ဘာ ၁၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၀၊ သွင်းကုန် ၉၃၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၈၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **၀၀၁**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်တွင် **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ** (People Life for Development Party)က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Golden View Tower၊ ဦးအောင်မြတ်လမ်းနှင့် (၁၂၃)လမ်းထောင့်၊ ပထမထပ်၊ အမှတ်(၂၃)တွင် ပါတီရုံးချုပ်တည်ရှိသော ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၁၁-၂၀၁၇ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)၏ အလံပုံစံ**

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်တွင် မီးလောင်မှုဖြစ်

**ကော့သောင်း နိုဝင်ဘာ ၁၅**

ကော့သောင်းမြို့နယ် ရွှေဇင်ယော်ရပ်ကွက် ဘုရင့်နောင်ကဇာတ်ရုံဟောင်းဝင်းအတွင်း မီးလောင်မှုဖြစ်စဉ်တစ်ခု နိုဝင်ဘာ ၁၄ ရက် ည ၈ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ ညပိုင်းက ရွှေဇင်ယော်ရပ်ကွက် ဘုရင့်နောင်ကဇာတ်ရုံဟောင်းဝင်းအတွင်းရှိ ဦးကျော်မြင့်(ခ)ဦးကျော်ဆိုသူ နေထိုင်သည့် အလျား ပေ ၄၀၊ အနံ ၁၅ ပေ သွပ်မိုး၊ ထရံကာ မြေစိုက်နေအိမ်တွင် ဦးကျော်မြင့် အလုပ်သွားနေစဉ် နေအိမ်၌ အတူနေသူ ညီညီထွန်းနှင့် ကျော်ညွန့်ဆိုသူတို့ နှစ်ဦးသည် ဖယောင်းတိုင်အား ဝါးထရံအနီး သစ်သားပေါင်ပေါ်တွင် ထွန်းညှိကာ အရက်အတူသောက်ခဲ့ကြပြီး မီးအားမငြိမ်းသတ်ဘဲ အပြင်သို့ ထွက်သွားခဲ့ကြသဖြင့် ဖယောင်းတိုင်မီးမှတစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုသတင်းအရ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီး၊ မီးသတ်ဦးစီးအရာရှိပါ သန္နိတပ်ဖွဲ့ဝင် ၁၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ညီညီထွန်းနှင့် ကျော်ညွန့်တို့အား မြို့နယ်ရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲကို ဘယ်အသင်းတွေ ဝင်ခွင့်ရရှိခဲ့သလဲ

၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဇုန်အလိုက်ယှဉ်ပြိုင်မှုတွေဟာလည်း ပြီးဆုံးသွားခဲ့ပါပြီ။ အဲဒီလို ဇုန်အလိုက်ပြိုင်ပွဲတွေပြီးဆုံးသွားခဲ့တာကြောင့် ဝင်ခွင့်ရရှိတဲ့အသင်းတွေထွက်ပေါ်လို့လာခဲ့ပြီလည်းဖြစ်ပါတယ်။

အခုနောက်ဆုံးထွက်ပေါ်လာတဲ့ ဇုန်အလိုက်နိုင်ငံအသင်းတွေထဲမှာ ကမ္ဘာ့ဖလားကို ငါးကြိမ်အထိရယူထားနိုင်ခဲ့တဲ့ ဘရာဇီးအသင်းနဲ့ လက်ရှိကမ္ဘာ့ဖလားချန်ပီယံဂျာမနီအသင်းတို့လည်း ပါဝင်လာခဲ့ပါတယ်။

ဇုန်အလိုက် ဝင်ခွင့်ရရှိခဲ့တဲ့အသင်းတွေကို ကြည့်မယ်ဆိုရင် ဥရောပဇုန်မှာဆိုရင် အိမ်ရှင်အသင်းဖြစ်တဲ့ ရုရှား၊ ဘယ်လ်ဂျီယံ၊ ခရိုအေးရှား၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အိုက်စလန်၊ ပိုလန်၊ ပေါ်တူဂီ၊ ဆားဘီးယား၊ စပိန်၊ ဆွီဒင်နဲ့ ဆွစ်ဇာလန်အသင်းတို့ပါဝင်ခဲ့ပါတယ်။

တောင်အမေရိကဇုန်မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၇၈ ခုနှစ်နဲ့ ၁၉၈၆ ခုနှစ်တို့မှာ ဆုဖလားဆွတ်ခူးထားနိုင်ခဲ့တဲ့ အာဂျင်တီးနားအသင်းအပါအဝင် ဘရာဇီးအသင်း၊ ကိုလံဘီယာအသင်း၊ ဥရုဂွေးအသင်းတို့ပါဝင်လာခဲ့ပြီး ကိုလံဘီယာအသင်းဟာဆိုရင် ဘရာဇီးနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့ပြီး အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ဥရုဂွေးအသင်းကတော့ ၁၉၃၀ ပြည့်နှစ်နဲ့ ၁၉၅၀ ပြည့်နှစ်မှာ ကမ္ဘာ့ဖလား ချန်ပီယံဆုကို နှစ်ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ၁၆ သင်းအဆင့်အထိ တက်လှမ်းနိုင်ခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။

မြောက်အမေရိကဇုန်မှာတော့ မက္ကဆီကိုအသင်း၊ ကော်စတာရီကာအသင်း၊ ပနားမားအသင်းတို့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ မက္ကဆီကိုအသင်းက ၁၉၈၆ ခုနှစ်မှာတော့ အိမ်ရှင်အဖြစ် လက်ခံကစားခဲ့ရာမှာတော့ ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့ပါတယ်။

အာရှဇုန်မှာတော့ အီရန်အသင်း၊ ဂျပန်အသင်း၊ ဆော်ဒီအာရေဗျအသင်း၊ တောင်ကိုရီးယားအသင်းတို့ ဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အီရန်အသင်းအတွက်တော့ ကမ္ဘာ့ဖလားဝင်ခွင့်ကို ငါးကြိမ်အထိ ဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဂျပန်အသင်းကတော့ ၁၉၉၈ ခုနှစ်ကတည်းက ကမ္ဘာ့ဖလားမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာဖြစ်ပြီး ၂၀၀၂ ခုနှစ်မှာဆိုရင် တောင်ကိုရီးယားအသင်းနဲ့အတူ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးတာလည်းဖြစ်ပါတယ်။ ဆော်ဒီအာရေဗျအသင်းအတွက်တော့ ၁၉၉၄ ခုနှစ်က ကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပထမဆုံးအကြိမ်အဖြစ် ဝင်ခွင့်ရရှိခဲ့တဲ့အသင်းဖြစ်ပြီး တောင်ကိုရီးယားအသင်းကတော့ အာရှမှာ နာမည်ကြီးအသင်းတစ်သင်းအဖြစ်နဲ့ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အာဖရိကဇုန်မှာတော့ အီဂျစ်အသင်း၊ မော်ရိုကိုအသင်း၊ နိုင်ဂျီးရီးယားအသင်း၊ ဆီနီဂေါအသင်း၊ တူနီးရှားအသင်းတို့ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့တာဖြစ်ပြီး အီဂျစ်အသင်းဟာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က သတ်မှတ်တဲ့ ကမ္ဘာ့အဆင့်မှာလည်း အဆင့်(၃၀)အထိ သတ်မှတ်ခြင်းခံထားရပါတယ်။ မော်ရိုကိုအသင်းကတော့ နှစ်ပေါင်း ၂၀ ကာလအတွင်း ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲဟာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ (၂၁)ကြိမ်မြောက်ပြိုင်ပွဲဖြစ်ပြီး နိုင်ငံလက်ရွေးစင်အသင်း ၃၂ သင်းနဲ့ ကျင်းပမှာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဇွန် ၁၄ ရက်ကနေ ဇူလိုင် ၁၅ ရက်အထိ ရုရှားနိုင်ငံရဲ့ မြို့ပေါင်း ၁၂ မြို့မှာရှိတဲ့ အားကစားကွင်း ၁၂ ကွင်းမှာ ကျင်းပသွားမှာလည်းဖြစ်ပါတယ်။



၂၀၁၄ ခုနှစ်က ဘရာဇီးမြေတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ဂျာမနီအသင်းကို တွေ့ရစဉ်။

## ဘောလုံးလောက သတင်းတိုများ

ရီးယဲလ်မက်ဒရစ်အသင်းသည် စပါးအသင်းမှ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားခဲ့သည့် တိုက်စစ်မှူး ဂါရတ်ဘေးလ်အား နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင်လည်း ဂါရတ်ဘေးလ်မှာ ဒဏ်ရာပြဿနာကြုံနေရပြီး ရီးယဲလ်မက်ဒရစ်အသင်းက ရောင်းချမည်ဆိုပါက ပရီမီယာလိဂ်သို့ ပြန်လည်ခြေချမည်ဖြစ်ကြောင်း သိရသည်။

**အက်သလက်တီကိုမက်ဒရစ်အသင်းသည် အာဆင်နယ်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား အိုဇေးလ်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး အိုဇေးလ်အနေဖြင့်လည်း စပိန်မြေသို့ ပြန်လည်ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်းသိရသည်။**

စပါးအသင်းသည် ဝက်ဖို့ဒ်တိုက်စစ်မှူး ရီချာလီဆန်အား ခေါ်ယူသွားရန် စောင့်ကြည့်မှုများပြုလုပ်လျက်ရှိပြီး ဘရာဇီးလူငယ်ကစားသမား ရီချာလီဆန်သည် ဗီကာရာဂီအသင်းနှင့်အတူ လိဂ်ပွဲ ၁၁ ပွဲတွင် သွင်းဂိုးလေးဂိုးအထိ သွင်းယူထားသူဖြစ်သည်။

**မန်စီးတီးအသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား အမ်မရီကန်အား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိပြီး အမ်မရီကန်၏ လီဗာပူးအသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းသည်လည်း နွေရာသီကာလတွင် ကုန်ဆုံးမည်ဖြစ်ကြောင်းသိရသည်။**

ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား သီယာဂိုအယ်လ်ကန်တာရာသည် အသင်းဟောင်းဘာစီလိုနာအသင်းတွင် ပြန်လည်ကစားရန် ဆန္ဒရှိနေပြီး ယင်းသတင်းထွက်ပေါ်မှုနှင့် ပတ်သက်၍ ဘိုင်ယန်မြူးနစ်အသင်းက ငြင်းဆိုထားကြောင်းသိရသည်။

ငွေကြေယ် - ရေးသားသည်



## ဆွီဒင်အတွက် အီဗရာဟီမိုဗစ် ပြန်လာရန် အရိပ်ပြမှုအပေါ် နည်းပြ အန်ဒါဆန် သဘောမတွေ့

ကမ္ဘာ့ဖလားရှုံးထွက်ပြန်ကန်ပွဲစဉ်တွင် ဆွီဒင်က အီတလီကို အနိုင်ကစားပြီးနောက် ဆွီဒင်ဘောလုံးလောက၏ အထွန်းတောက်ဆုံးကြယ်ပွင့် တိုက်စစ်မှူး အီဗရာဟီမိုဗစ်က နိုင်ငံလက်ရွေးစင်အသင်းအတွက် ပြန်ကစားရန် ပေါ်ပေါ်ထင်ထင်ပင် အရိပ်ပြခဲ့သည်။ ဆွီဒင်က ကမ္ဘာ့ဖလား လေးကြိမ်ချန်ပီယံ အီတလီကို နှစ်ကျော့ပေါင်း ရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြီးနောက် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့ပြီဖြစ်သည်။

ဆွီဒင်အသင်း ခြေစစ်ပွဲအောင်မြင်ပြီး တစ်နာရီမပြည့်မီမှာပင် သူ၏ တွစ်တာစာမျက်နှာပေါ်၌ "ကျွန်ုပ်တို့သည် ဇွီဒင်များဖြစ်ကြသည်" ဟု ရေးသားခဲ့သဖြင့် ယင်းမှာ ဆွီဒင်အသင်းနှင့် ပြန်လည်ပူးပေါင်းလိုသည့် အရိပ်လက္ခဏာအဖြစ် မီဒီယာအချို့က ကောက်ချက်ချကြသည်။ ဆွီဒင်ပရိသတ်များက မိုဗစ်၏ ယခုလို ရေးသားချက်အပေါ် ကြိုဆိုကြသော်လည်း ဆွီဒင်နည်းပြ အန်ဒါဆန်က အဆိုပါကောက်ချက်ချမှုများ သူ့ဘက်မှ သဘောတွေ့မှုမရှိကြောင်း ပေါ်ပေါ်ထင်ထင်ပင် အရိပ်ပြခဲ့သည်။

အန်ဒါဆန်က "ဒါက မယုံနိုင်စရာပါ၊ ဇလာတန်က လွန်ခဲ့တဲ့ တစ်နှစ်ခွဲကတည်းက လက်ရွေးစင်အသင်းက အနားယူခဲ့ပေမယ့် ကျွန်တော်တို့ခုထိ သူ့အကြောင်းပြောနေတုန်းပဲ၊ အီဗရာဟီမိုဗစ် ဒီမှာရှိနေတုန်းက ကျွန်တော်တို့အသင်းက ပုံစံတစ်မျိုးနဲ့ ကစားခဲ့တယ်၊ သူ အနားယူသွားတော့ ကျွန်တော်တို့ အခြားပုံစံတစ်မျိုးကို ဖော်ဆောင်ခဲ့တယ်" ဟု ဆိုခဲ့သည်။

သို့သော် ပရိသတ်အများစုက အီဗရာဟီမိုဗစ် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆွီဒင်အတွက် ပြန်လည်ကစားပေးနိုင်ရန် မျှော်လင့်နေပြီး အီဗရာဟီမိုဗစ်တင်ခဲ့သည့် ပို့စ်ကို ပရိသတ်သန်းပေါင်းများစွာ ကြိုက်နှစ်သက်မှု (Like)ပေးခဲ့ကြသည်။



## ပီအက်စ်ဂျီအသင်း ကမ္ဘာ့လစာအများဆုံးပေးချေရသည့်ကလပ်ဖြစ်လာ

ယခုနှစ်ဘောလုံးရာသီတွင် ကစားသမားများအတွက် လစာအများဆုံးပေးချေရသည့် ကလပ်အသင်းမှာ ပီအက်စ်ဂျီဖြစ်ပြီး တစ်နှစ်လျှင် လစာ ပေါင် ၂၇၉ သန်းအထိ ရောက်ရှိနေသလို နေမာတစ်ဦးတည်းအတွက်ပင် တစ်ပတ်လုပ်ခ ပေါင် ၅၃၇၀၀၀ ရှိနေခြင်းဖြစ်သည်။ နည်းပြ ဂွါဒီယိုလာ ပြောင်းလဲကိုင်တွယ်ပြီးနောက် မန်စီးတီးအသင်း၏ ကစားသမားများအတွက် လစာနှုန်းထားပေးချေရမှုမှာ တိုးတက်လာသော်လည်း ပဉ္စမနေရာတွင်သာ ရှိနေသည်ကိုတွေ့ရသည်။

ဒုတိယနေရာတွင် ဘာစီလိုနာနှင့် မန်ယူအသင်းတို့က ပူးတွဲရပ်တည်နေပြီး တစ်နှစ်လုပ်ခလစာ ပေါင် ၂၆၄ သန်းအထိ အသုံးပြုနေခြင်းဖြစ်သည်။ ဘာစီလိုနာအသင်း၏ လစာအများဆုံးရရှိသည့် မက်ဆီမှာ တစ်ပတ်လုပ်ခ ပေါင် ၅၀၀၀၀၀ အထိ ရရှိနေသော်လည်း မန်ယူ၏လစာအများဆုံးရ ပေါ့ဘာ၏ တစ်ပတ်လုပ်ခမှာ ၂၉၀၀၀၀ ဖြစ်သည်။ ချယ်လ်ဆီးက ပေါင်သန်း ၂၅၀ ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေပြီး ပဉ္စမနေရာတွင် မန်စီးတီး (ပေါင် ၂၄၄ သန်း)၊ ဆဋ္ဌမနေရာတွင် ရီးယဲလ်မက်ဒရစ်(ပေါင်သန်း ၂၄၀)၊ သတ္တမနေရာတွင် ဘိုင်ယန်မြူးနစ်(ပေါင် ၂၃၅ သန်း)၊ အာဆင်နယ်၊ လီဗာပူးနှင့် ဂျူဗင်တပ်တို့က တစ်နှစ်လုပ်ခလစာ ပေးချေမှု ပေါင် သန်း ၂၁၀၊ ပေါင် သန်း ၁၅၀ တို့ဖြင့် အစဉ်လိုက်ရပ်တည်နေသည်ကို တွေ့ရသည်။

ချယ်လ်ဆီး၏ ဟာဇက်က တစ်ပတ်လုပ်ခ ပေါင် ၂၀၀၀၀၀၊ မန်စီးတီး၏ အဂွဲရိုးက ပေါင် ၂၂၀၀၀၀၊ ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုက ပေါင် ၃၆၅၀၀၀၊ ဘိုင်ယန်တိုက်စစ်မှူး လီဝန်ဒေါစကီးက ပေါင် ၁၆၀၀၀၀၊ အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ်က ပေါင် ၁၅၀၀၀၀၊ လီဗာပူး၏ ကော်တင်ဟိုက တစ်ပတ်လုပ်ခ ပေါင် ၂၀၀၀၀၀၊ ဂျူဗင်တပ် တိုက်စစ်မှူး ဟီဂူအင်က ပေါင် ၁၃၀၀၀၀ ဖြင့် သက်ဆိုင်ရာကလပ်အသီးသီး၏ လစာအများဆုံးရ ကစားသမားများဖြစ်ခွင့်ရရှိနေကြသည်။ ကစားသမားများလုပ်ခလစာအများဆုံးပေးချေမှုကို ပီအက်စ်ဂျီအသင်းက ရယူထားသော်လည်း ထိပ်တန်း ၁၀ သင်းစာရင်းတွင် ပရီမီယာလိဂ်အသင်း ငါးသင်းအထိ ပါဝင်နေသည်ကို တွေ့ရသည်။

မေလှဲသင်း
ရေးသားသည်

# စာပေ ပါရမီရှင် မောင်ဆုရှင်

**တက္ကသိုလ်တင်ခ**

ဦးမျိုးသန့်(စာရေးဆရာကြီးမောင်ဆုရှင်)(၁-၁-၁၉၃၂ ၂-၆-၂၀၀၉)သည် စာပေပါရမီရှင်တစ်ဦးဖြစ်ပေသည်။ ပါရမီဟူသည် ဘဝစဉ်ဆက်ဖြည့်ဆည်းပေးနိုင်သူဟု အဓိပ္ပာယ်ရှိပေသည်။ ဆရာသည် စာပေပါရမီရှင်ဇေကန်ဖြစ်ပေသည်။

**နိုင်ငံသားကောင်းတာဝန်ကျေပွန်သူ**

ဆရာသည် သူစာပေလောကတွင် စတင်ချင်းနင်းဝင်ရောက်စဉ်က ဆုရခဲ့ဖူးသော စာစီစာကုံးခေါင်းစဉ်သည် 'နိုင်ငံသားကောင်း တာဝန်'ပညတ်ဝေါဟာရနှင့်ခတ်သက်သူတစ်ဦးဖြစ်နေပေသည်။ သူသည် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။

နိုင်ငံတော်တွင် အမြင့်ဆုံးအမျိုးသားစာပေဆုကော်မတီ၏ အတွင်းရေးမှူး၊ အဖွဲ့ဝင်တာဝန်ကိုကွယ်လွန်ချိန်အထိ တာဝန် ကျေကျေ၊ အခြေကျကျ၊ ပြည့်ပြည့်ဝဝ ထမ်းဆောင်နိုင်သူတစ်ဦးဖြစ်ပေသည်။ ကျွန်တော်သည် ဆရာ့ကို စာပေပါရမီရှင်ဟု အဆိုပြုရခြင်းသည်ပင် သူ၏ အမျိုးသားစာပေဆုအပေါ် ဖတ်ရှုသုံးသပ် ဆုံးဖြတ်ပေးနိုင်သော စွမ်းရည်သဘောကြောင့်ပင် ခိုင်ခိုင်မာမာ ဤအဆိုကို တင်ထားရခြင်းဖြစ်ပေသည်။

**မောင်ဆုရှင်နှင့်ကျွန်တော်**

မောင်ဆုရှင်နှင့်ကျွန်တော်တို့သည် မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ ဖွဲ့စည်းခဲ့စဉ်က ဆရာသည် စာပေလုပ်သားအဖွဲ့ တွဲဖက်အတွင်းရေးမှူး တာဝန်ယူစဉ် ကျွန်တော်က ပြင်ဦးလွင်မှ မြို့နယ်စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌတာဝန်ယူစဉ် ၁၉၆၆ မှ ၁၉၈၈ ခုနှစ်များတွင် စတင် ခင်မင်သိကျွမ်းခဲ့ကြသည်။ ထိုစဉ်ကပင် ပြင်ဦးလွင်မှ ရန်ကုန်မြို့ရှိ စာပေဗိမာန် အဆောက်အအုံ ဆရာ့ရုံးခန်းသို့ ဝင်ရောက်ပြီး ဆရာနှင့်စာပေကိစ္စရပ်များ ရင်းရင်းနှီးနှီး ဆွေးနွေးကြပြီး ဆရာ့ထံမှ စာပေအကြံဉာဏ်ကောင်းများ စုဆောင်းရရှိခဲ့ပါသည်။ ဆရာ့စားပွဲတွင် နိုင်ငံတကာ စာပေရေးရာ စာပေစာအုပ်စာတမ်းများ၊ မြန်မာစာပေဆိုင်ရာ စာအုပ်စာတမ်းများကို အချိန်မရွေး ဖတ်ရှုရပြီးပိုမိုရင်းနှီးကျွမ်းဝင်ခင်မင်ခဲ့ကြသည်။

၁၉၈၉မှ ၁၉၉၂ခုနှစ်အထိ ဆရာသည်မြန်မာနိုင်ငံစာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးတာဝန်၊၁၉၉၄မှ ၁၉၉၈ ခုနှစ်အထိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌတာဝန်ယူခဲ့စဉ်က ပြင်ဦးလွင်သို့ ဆရာ့ကိုစာပေဟောပြောပွဲ ဖိတ်ကြားခဲ့ပြီး စစ်တက္ကသိုလ်နှင့် ပြင်ဦးလွင် အထက်တန်းကျောင်းများမှ ဆရာနှင့်ဒေါက်တာ ခင်မောင်ညွန့်၊ ဆရာမစောမုံညင်းတို့ စာပေဟောပြောပွဲများကို ကျင်းပပေးခဲ့ပုံများသည် ဆရာနှင့် ကျွန်တော့်အတွက် မေ့မရစရာ မှတ်တမ်းလွှာများဖြစ်ခဲ့ပါသည်။

၁၉၉၅ - ၂၀၀၄ ခုနှစ်များတွင် ကျွန်တော်သည် ပြန်ကြားရေးဝန်ကြီးဌာနသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်ရန်ရောက်ရှိလာပြီး ဆရာနှင့်ပိုမိုရင်းနှီးကျွမ်းဝင် ခင်မင်လာခဲ့ရသည်။ ဆရာသည်စာပေဆုရွေးချယ်ရေးကော်မတီဝင်ဖြစ်သည့်အပြင် အဖွဲ့ဝင်အတွင်းရေးမှူး တာဝန်ကို ကျွမ်းကျင်နိုင်နင်းစွာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင် အားလုံးလိုလိုပင် ဆရာနှင့် စာပေရေးရာ ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းတိုင်ပင်ရာတွင် ဆရာ၏ စာပေဩဇာနှင့် စာဖတ်ရှိန်အားကောင်းမှုကို ခင်မင်လေးစားအလေးထားခဲ့ရပါသည်။ ကျွန်တော်သည် အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌတာဝန်ကို ၁၀ နှစ်ခန့် တာဝန်ယူဆောင်ရွက်ခဲ့ရာတွင် ဆရာ၏ အဓိကအခန်းကဏ္ဍကို တစ်သက်တာမမေ့နိုင်စရာ မှတ်တမ်းတင်ကျန်ရစ်ခဲ့ရပါသည်။

**အမျိုးသားစာပေဆုများရှင် အတိုင်ပင်ခံပုဂ္ဂိုလ်မွန်**

ဆရာမောင်ဆုရှင်သည် ကိုယ်တိုင်ပင် အမျိုးသားစာပေဆုများရှင်ဖြစ်သလို ဥက္ကဋ္ဌတာဝန်ယူသူ ကျွန်တော်နှင့် အမြဲအတိုင်ပင်ခံပုဂ္ဂိုလ်မွန် စာပေဆုရှင်ကြီး တစ်ဦးဖြစ်ပေသည်။အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်အားလုံးလိုလိုပင် သက်ကြီးပညာရှင် စွယ်စုံရပုဂ္ဂိုလ်ကြီးများပင် ဖြစ်ကြသည်။အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးတာဝန်သည် အမျိုးသားရေးတာဝန်ကြီးတစ်ရပ်ကို ကျေပွန်အောင် ထမ်းဆောင်ရခြင်းဖြစ်ပေရာ တာဝန်ကြီးမားသလို လေးနက်ထူးခြား ပြတ်သားတိကျသော သဘောကို ဆောင်ပေသည်။

ဆရာနှင့်ကျွန်တော်သည် အမျိုးသားစာပေ မျက်နှာကို သာကြည့်ပြီး စာပေဘက်မလိုက်မိအောင် အထူးသတိထားဆောင်ရွက်ခဲ့ကြရသည်။ ကျွန်တော်သည် တက္ကသိုလ်ဆရာတစ်ဦး၊ စစ်တက္ကသိုလ်မှာ(၂၆) နှစ်တာ မြန်မာစာပါမောက္ခနှင့် လက်ထောက်စာပေညွှန်ကြားရေးမှူး တစ်ဦးဖြစ်သည့်အားလျော်စွာ စာပေသိက္ခာဂုဏ်၊ အမျိုးသားရေးဂုဏ်သိက္ခာကို ကုံလုံတာဝန်ကျေစွာထမ်းဆောင်နိုင်ခဲ့ပါသည်။ ဆရာမောင်ဆုရှင်၏ စာပေအတွေ့အကြုံ စွမ်းရည်ဂုဏ်အပေါ် ယုံကြည်မှုဖြင့်သာကျွန်တော်တို့နှစ်ဦး တာဝန်ကျေနိုင်သည်ဟု ဆရာ့ကို ဂုဏ်ပြုချီးကျူး အထူးမှတ်တမ်းပြုလိုပေသည်။

ကျွန်တော်နှင့်ဆရာအပါအဝင် အဖွဲ့ဝင်အားလုံးသည် အမျိုးဂုဏ်၊ စာပေဂုဏ်ကိုသာ ယုံကြည်ထားသူများ ပီပီ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးသက်တမ်းတစ်လျှောက်ပြင်ပသို့ ပေါက်ကြားအသိပေးသည့် ကိစ္စမျိုးလုံးဝမရှိခဲ့ပါ။ ဆရာသည် စိတ်ရှည်သည်းခံသလို စာပေပညာဂုဏ် ယုံကြည်မြတ်နိုးတန်ဖိုးထားတတ်သူပီပီ ကျွန်တော့်အား ကြီးမားစွာ စာပေကျေးဇူး ဖြည့်ပေးသူတစ်ဦး၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မွန်အဖြစ် မော်ကွန်းအသစ်တင်လိုက်ပေသည်။

ဤမှန်သော သစ္စာဂုဏ်ပြုစကားကြောင့် ဆရာကောင်းရာမွန်ရာရောက်ရှိ သာဓုခေါ်နိုင်ပါမည်ဟု ယုံကြည်မျှော်လင့်ထားပေသည်။

**အမျိုးသားရေးတာဝန် ကျေပွန်စွာထမ်းဆောင်နိုင်သူ**

အမျိုးသားစာပေဆု ရွေးချယ်စိစစ်ရေး စာပေတာဝန်အပြင် အမျိုးသားနိုင်ငံရေး၊ သမိုင်းပေးတာဝန်ကိုပါ ကျေပွန် စွာ ထမ်းဆောင်နိုင်ခဲ့သည်။ ဆရာနှင့်ကျွန်တော်သည်စာပေရေစက်ဆုံရုံသာမက အမျိုးသားနိုင်ငံရေး တာဝန် ထမ်းဆောင်ကြရာတွင်တူယှဉ်ကာ ပါဝင်နိုင်ခဲ့သည်။

ကျွန်တော်သည် စစ်တက္ကသိုလ်မှာ လက်ထောက်စာပေညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်နေစဉ် အမျိုးသားညီလာခံ အစည်းအဝေးသို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်အဖြစ် ရွေးချယ်တာဝန်ပေးခံခဲ့ရသည်။ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံ စတင်ကျင်းပချိန်တွင် ဆရာမောင်ဆုရှင်သည် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းကော်မတီကြီးကြပ်သူ တာဝန်ခံဖြစ်ပေရာ ဆရာနှင့်မကြာခဏ ဆုံတွေ့ခဲ့ရသည်။ ဆရာသည် အမျိုးသားညီလာခံသမိုင်းပြုစုရေးအဖွဲ့တွင် အဓိကပါဝင်ခဲ့သူတစ်ဦးလည်း ဖြစ်နေပေသည်။

၁၉၉၃ မှ ၂၀၀၇ ခုနှစ်အထိ ဆရာနှင့်ကျွန်တော်သည် ဆရာက အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင်မှ သဘာပတိအဖြစ် ရွေးချယ်ခံရပြီး ကျွန်တော်သည်လည်း နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်အဖွဲ့ဝင် သဘာပတိရွေးချယ်ခံခဲ့ရပြန်သည်။ ဆရာနှင့်ကျွန်တော်အပါအဝင် သဘာပတိအဖွဲ့ဝင် ကိုးဦးသည် အမျိုးသားညီလာခံကြီး ပြီးဆုံးချိန်အထိ အမျိုးသားညီလာခံစင်မြင့်ပေါ်တွင် အမျိုးသားနိုင်ငံရေးတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ရသည်။ ဆရာနှင့်ကျွန်တော်သည် စာပေရေစက်ဆုံရုံသာမက အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရာတွင် ပါဝင်ခဲ့ရသည်မှာ ထူးခြားသော ဂုဏ်ဒြပ်ပေါင်းစပ်မိသည်ဟု အမှတ်တရ ပြောပြချင်ပါသည်။

အမျိုးသားညီလာခံ ပြီးဆုံးမည့်ရက်တွင် ဆရာနှင့်ကျွန်တော်သည် သဘာပတိအဖွဲ့ဝင်ကိုးဦးနှင့်အတူ မော်ကွန်းတင် လက်မှတ်ရေးထိုးခဲ့သည်ကို ကျွန်တော့်တစ်သက်စာ မမေ့ရက်စရာနေ့ဖြစ်ခဲ့ရပါသည်။

**မောင်ဆုရှင်ပါဝင်သော စာပေအကျိုးပြုလုပ်ငန်းများ**

ဆရာမောင်ဆုရှင်သည် သူကိုယ်တိုင်စာပေဆုများရှင်ဖြစ်သလို အခြားစာပေရောင်းရင်းမိတ်ဆွေများကိုပါ စာပေဆုရရှိရေးကို ဦးစားပေးဆောင်ရွက်လိုသော သူ၏ သဘောမနောကိုလေ့လာပါက တွေ့လာရမည်ဖြစ်ပေသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရာတွင် ဘာသာ ၁၄ မျိုးအပြင် မူဘောင်မဝင်သော်လည်း ကြွင်းကျန်ချန်လှပ်ထားရသည့် စာပေ၊ စာအုပ်၊ စာတမ်း၊ စာစောင်များအတွက် ထည့်သွင်းစဉ်းစားပေးနိုင်ရန် ဆရာမောင်ဆုရှင်သည် အမြဲစဉ်းစား တွေးခေါ်နေပြီး ဆုချီးမြှင့်ပေးလိုသောဆန္ဒအမြဲရှိနေသည်ကို တွေ့ရပါသည်။

ဆရာသည် ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ကိုယ်တိုင်ကြိုးပမ်း အပင်ပန်းခံဆောင်ရွက်ပေးခဲ့သည်။ သုတစွယ်စုံစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌတာဝန်ကိုပါ ဆက်ခံတာဝန်ယူပြီး အထူးကြပ်မတ် ဆောင်ရွက်ပေးခဲ့သူဖြစ်သည်။ သူ၏ ကြိုးပမ်းထမ်းဆောင်မှုကို အသိအမှတ်ပြုသည့်သဘောဖြင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ သုတစွယ်စုံ တစ်သက်တာဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံခဲ့ရသည်။

ထို့ပြင် ထွန်းဖောင်ဒေးရှင်းစာပေဆု ပေါ်ထွန်းရေးကို အထူးကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ ကိုယ်တိုင်ပင်ထွန်းဖောင်ဒေးရှင်းစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူးတာဝန်ယူကာ စာပေဆုများစွာကို အဖွဲ့ဝင်များနှင့်အတူ မည်းမည်း မိမိကျန်းမာရေးကို အလေးမမူနိုင်ဘဲ စာပေအပေါ် လှုံ့လကြီးစွာ စိစစ်ရွေးချယ်ပေးခဲ့သူဖြစ်ပေသည်။

ထို့အတူ ကွယ်လွန်သူ ဆရာဝန်တင်ရွှေကို ဂုဏ်ပြုကျေးဇူးဆပ်သည့်အနေဖြင့် ဆရာဝန်တင်ရွှေစာပေဆု စိစစ်ရွေးချယ်ရေးဥက္ကဋ္ဌတာဝန်ကိုပါ ထပ်မံပံ့ပိုး စာပေအကျိုးပြုပေးခဲ့ရာ ဆရာ၏စာပေတာဝန်ထမ်းပုံသည် ကမ်းကုန်အောင်ထမ်းဆောင်နိုင်သော စာပေစွမ်းအင်ကို မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပေသည်။

**ထူးခြားသောစာပေပါရမီရှင် မောင်ဆုရှင်**

ပါရမီဟူသည် အစဉ်အဆက် ဖြည့်စွက်ဆည်းပူးဖြည့်ဆည်းသူကို ဆိုလိုပေသည်။ ပါရမီရှင်စာပေ ပါရမီဖြည့်ဆည်းနေချိန်တွင် ၂၀၀၉ ခုနှစ် ဇွန် ၂ ရက်တွင် ကွယ်လွန်သွားခြင်းမှာ အစားထိုးမရနိုင်သော ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ရပ်ပမာ ဖြစ်ခဲ့ပါသည်။

သူ၏ ရေးဖော်ရောင်းရင်းအပေါင်းအသင်းများက ရသမျှအချိန်တိုအတွင်း လယ်တွင်းသားစောချစ်က စာပေခရီးဖော်ဆရာဦးမျိုးသန့်၊ မောင်မြင့်ကြွယ်က ဆရာ မောင်ဆုရှင်နှင့် ပန်းခြွေတဲ့လေ၊ တက္ကသိုလ်တင်ခက 'ဆရာမောင်ဆုရှင်၏စာပေဘဝမှတ်တိုင်များ'ကို ရေးပေးခဲ့ရာ နံနက်ခင်းဂျာနယ်တစ်စောင်တည်းနှင့်ပင် စာပေဒါနပြုပြီး ဖော်ပြပေးခဲ့သည်။ ကျေးဇူးလည်းတင် မော်ကွန်းလည်းတင်အပ်ပါသည်။

ထို့အတူ မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က မောင်ဆုရှင်၏လက်ရေးစာမူတွင် မရမ်းကုန်း၏စာပေအစဉ်အလာကို ထိန်းသိမ်းနိုင်ပါစေ။

ဆရာ မောင်မိုးယံက မကြွေသင့်သောစာဆိုရှင် ကဗျာဖြင့် 'အောင်မြင်ခြင်းနဲ့ပြည့်စုံတဲ့ စာဆို၊ အို-ကမ္ဘာတည်သရွေ့ ဆရာ မကြွေလင့်ပါ'ဟု မှတ်တမ်းတင် ကဗျာပြုခဲ့ကြပါသည်။

ကျွန်တော်ကမူ ဆရာ့အား အမြဲလိုပင် အကူအညီယူကာ စာရေးမေးလေ့ရှိရာ ဆရာ၏ လက်ရေးဖြင့် ဗိုလ်မှူးကြီးခင်ဗျား

"ရုတ်တရက် စိတ်ကူးရသမျှ ရေးပေးလိုက်ပါသည်"

စာတန်းတိုလေးလိုပင်။

ပါရမီရှင် မောင်ဆုရှင်ခင်ဗျား. . . .

စာပေပါရမီကို ဘဝဆက်တိုင်း မဆိုင်းမတွဖြည့်ဆည်းပေးနိုင်ပါစေဟုသာ ဆုခြွေစကားပါးလိုက်ရပါသည်။

---

## ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံ

**ကြည့်မြင်တိုင် နိုဝင်ဘာ ၁၅**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ စာသင်ခန်းမ၌ နိုဝင်ဘာ ၁၅ ရက် နံနက် ၉နာရီခွဲက ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခဲ့ကြောင်းသိရသည်။

အထက(၁)ရှိ အသက်(၁၅)နှစ်အောက် ကျောင်းသူ ကျောင်းသားကလေးငယ် ၈၈၃ ဦးအား အပြီးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**



ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးလွင် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီခွဲက ဒဂုံမြောက်မြို့မရဲစခန်းသို့ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ပြီး အချုပ်သားများ ထွက်ပြေးလွတ်မြောက်မှုမရှိစေရေးနှင့် ကောင်းမွန်စွာ ကျွေးမွေးရေးတို့ကို မှာကြားပြီး အချုပ်ခန်း လုံခြုံခိုင်ခံ့မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **မိုးဃမ်းကျ(မြစ်ကြီးနား)**

---

## မြစိမ်းရောင်စီမံကိန်းဖြင့် ဖလမ်းဒေသတွင် စိုက်ပျိုးသောခရမ်းချဉ်စိုက်ခင်းလှိုင်လှိုင်သီး

**ဖလမ်း နိုဝင်ဘာ ၁၅**

ချင်းပြည်နယ် ဖလမ်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဖလမ်းဒေသမြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ခရမ်းချဉ်စိုက်ခင်းများ လှိုင်လှိုင်သီးလျက်ရှိကြောင်း ဖလမ်းခရိုင်ကျေးလက်ဦးစီးဌာနမှ သိရသည်။

ဖလမ်းမြို့နယ်အတွင်းမှကျေးရွာများရှိပြည်သူလူထုအား အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန်နှင့်ကျေးလက်ဒေသဆင်းရဲမှုလျှော့ချနိုင်ရန်ရည်ရွယ်၍ ဖလမ်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ခရိုင်အတွင်းကျေးရွာ ၉၃ ရွာတို့အတွက် မြစိမ်းရောင်ရန်ပုံငွေ ထုတ်ချေးပေးခဲ့ပြီးဖြစ်ရာ နိုဝင်ဘာ ၁၂ ရက်က ချင်းပြည်နယ် ကျေးလက်ဦးစီးမှူး ဦးမျိုးအောင်၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ကူလ်ဇမ်းနှင့်လာလ်သီးကျေးရွာရှိ ခရမ်းချဉ်အမျိုးအစား ၃၈၇၊ ၁၁၁၊ ၉၂၂ စိုက်ခင်းများသို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းအရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မီးလင်းရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်မည့် ပြည်သူလူထုအတွက် အတိုးငွေနည်းပါးမှုကြောင့် ဒေသတွင်းကျေးရွာများရှိ လုပ်ငန်းအရင်းမစိုက်ထုတ်နိုင်သောဆင်းရဲသည့်ဒေသခံပြည်သူများအနေဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝအဆင်ပြေလျက်ရှိကြောင်း ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇိုဟေဆာ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကိုတစ်ပြိုင်တည်းထိုးနှံပေး



**စစ်ကိုင်း နိုဝင်ဘာ ၁၅**
နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ကို နိုဝင်ဘာ ၁၅ ရက်က စတင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အစုလိုက်ဆေးထိုးစုရပ် တစ်သောင်းကျော်တွင် သားဖွားဆရာမ ၁၇၀၀ ကျော်နှင့် ကျန်းမာရေးကြီးကြပ် (၂) ၁၁၀၀ ကျော်စုစုပေါင်း ၂၈၀၀ ကျော်ဖြင့် စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က "နိုင်ငံတော်အစိုးရက နှစ်စဉ် ကာကွယ်ဆေးတွေ ဝယ်ယူဖို့ အမေရိကန်ဒေါ်လာ ခုနစ်သန်းလောက် ထည့်ဝင်ထားပြီး ကလေးတစ်ဦးအတွက် အမေရိကန်ဒေါ်လာ ၅၀ လောက် အကုန်အကျခံဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုတန်ဖိုးကြီးမားတဲ့ ကာကွယ်ဆေးတွေဟာ မိမိတို့ရဲ့ ရင်သွေးငယ်တွေအတွက် အခွင့်အရေးတစ်ရပ်ဖြစ်တယ်လို့ ခံယူပြီး ကာကွယ်ဆေးထိုးရမယ့်အချိန်တိုင်းမှာ ကလေးတွေကို ခေါ်ဆောင်လာပြီး ကာကွယ်ဆေးထိုးတဲ့ လုပ်ငန်းကို ရာနှုန်းပြည့် အသုံးပြုလာစေဖို့ ပြည်သူလူထုကပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ဂျပန်ဦးနှောက်ရောင်ရောဂါဟာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာဖြစ်နေတာကို တွေ့ရပြီး စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၁၂ ခု ကစပြီး နှစ်စဉ်ဖြစ်နေတာကို တွေ့ရပါတယ်။ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားတာနဲ့ သေဆုံးတာလျှော့ချဖို့ တစ်ခုတည်းသော နည်းလမ်းက ကာကွယ်ဆေးထိုးနှံတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ဖွင့်ပွဲတွင် ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်တွင် ကာကွယ်ဆေး ၁၀ မျိုးကို အသုံးပြုကာ ကလေးငယ်များကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကြောင့် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုမရှိအောင် ကာကွယ်ဆေးထိုးနှံပေးနေခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းကြောင့် မိခင်နှင့် မွေးကင်းစမေးခိုင်ရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါ အစရှိသည့် ကူးစက်ရောဂါများ ကင်းဝေးပပျောက်သည့်အောင်မြင်မှုများရရှိခဲ့ကြောင်း သိရသည်။ ယခုအသစ် ထပ်မံထည့်သွင်းထိုးနှံပေးမည့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ထိုးနှံလိုက်လျှင် ကလေးငယ်များအနေဖြင့် ရောဂါပိုး ၁၁ မျိုးအထိကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားစတင်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**
တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံ နှုတ်ဆက်ကြပြီးနောက် အမျိုးသားအုပ်စုပြိုင်ပွဲအဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးသည်။

အဆိုပါ ၂၀၁၇ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ အမျိုးသား ၁၄ သင်း၊ အမျိုးသမီး ၁၀ သင်းတို့မှ အားကစားသမား စုစုပေါင်း ၂၆၇ ဦးတို့သည် နိုဝင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစား ရုံ(B)၌ နေ့စဉ် နံနက် ၉ နာရီမှစတင်ပြီး အမျိုးသား၊ အမျိုးသမီး အုပ်စုပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**




# ရမည်းသင်းမြို့ လျှပ်စစ်စက်မှုသုံးလုပ်ငန်းရှင်များ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကွင်းဆင်းစစ်ဆေး

**ရမည်းသင်း နိုဝင်ဘာ ၁၅**
မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ရမည်းသင်းခရိုင်ရုံးခွဲမှ လျှပ်စစ်စစ်ဆေးရေးမှူး ဦးသန်းစိန်အဖွဲ့နှင့် ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်အဖွဲ့မှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက လုပ်ငန်းခွင်လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် စက်မှုလုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်း၊ အသစ်ပြုလုပ်ခြင်းအတွက် စတင်ကွင်းဆင်းဆောင်ရွက်စစ်ဆေးသည်။

ဆန်စက်လုပ်ငန်းရှင် ရှစ်ဦး၊ ဆီစက်လုပ်ငန်းရှင် ခြောက်ဦး၊ သံဂဟေလျှပ်စစ်ထုတ် စက်လုပ်ငန်းရှင် ငါးဦး၊ ရေခဲချောင်းစက် နှစ်ဦး၊ ရေပေးရေးစက်ရုံ လေးဦး၊ ရေသန့်စက်ရုံ နှစ်ဦး၊ ကျောက်ခွဲစက် တစ်ဦး၊ ဟိုတယ် တစ်ဦး၊ တည်းခိုခန်း တစ်ဦး၊ အောင်သပြေရုပ်ရှင်ရုံ တစ်ဦး၊ ပုဂ္ဂလိကဆေးရုံတစ်ရုံ အတွင်းခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။

ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ လျှပ်စစ်အန္တရာယ်ကျရောက်နေမှုများ၊ လျှပ်စစ်ပစ္စည်းများ ယိုယွင်းပျက်စီးနေမှုများ၊ မြေဓာတ်ချရန် လိုအပ်ချက်များကို တာဝန်ရှိလျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့် ဆက်သွယ်၍အမြန်ပြုပြင်ဆောင်ရွက်ရန် အချက်အလက်များ ညွှန်ကြားချက်စာများထုတ်ပေးခဲ့သည်။ နှစ်စဉ် လျှပ်စစ်စစ်ဆေးခနှင့် လျှပ်စစ်လုပ်ငန်းမှတ်ပုံတင်သတ်မှတ်ကြေးများကို ဘဏ်ငွေသွင်းချလန်များဖြင့် ငွေပေးသွင်းစေကာ လုပ်ငန်းမှတ်ပုံတင်လိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**တင်ဦး(ရမည်းသင်း)**



# ချင်းတွင်းမြစ်ဝမှ ဟုမ္မလင်းထိ ရေပေါ်နှင့် ကမ်းပေါ်ပြ အမှတ်များစိုက်

**ဟုမ္မလင်း နိုဝင်ဘာ ၁၅**
ချင်းတွင်းမြစ်ဝမှ ဟုမ္မလင်းမိုင် ၃၈၀ ရေလမ်းခရီးအတွင်း ရေပေါ်ပြအမှတ်အသား ၁၅၀ နှင့် ကမ်းပေါ်ပြ အမှတ်အသား ၃၄၀ တို့ကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသ (၆) မုံရွာမြို့ရုံး လက်အောက်ရှိရေလမ်းညွှန်ဌာနက နိုဝင်ဘာတွင် အပြီးစိုက်ထူဆောင်ရွက်နေကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းထံမှ သိရသည်။



"မိုင် ၃၈၀ ရှိတဲ့ ချင်းတွင်းမြစ်ဝကနေ ဟုမ္မလင်းအထိ ရေပေါ်နဲ့ ကမ်းပေါ် အမှတ်အသား ၄၉၀ ကို အပိုင်းငါးပိုင်းခွဲကာ စိုက်ထူဆောင်ရွက်နေပါတယ်။ ချင်းတွင်းမြစ်ဝကနေ မုံရွာအပိုင်း၊ မုံရွာကနေ သင်တောအပိုင်း၊ သင်တောကနေ ကလေးဝအပိုင်း၊ ကလေးဝကနေ အောက်တောင်းအပိုင်းနဲ့ အောက်တောင်းကနေ ဟုမ္မလင်းအပိုင်းဆိုပြီး အပိုင်းငါးပိုင်း ခွဲလုပ်ဆောင်နေတာဖြစ်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက ပြောပြသည်။

၅၃ မိုင် ရေလမ်းခရီးရှိသည့် ချင်းတွင်းမြစ်ဝမှ မုံရွာအထိ ရေပေါ်ပြအမှတ်အသား အခု ၃၀၊ ကမ်းပေါ်ပြ အမှတ်အသား ၅၅ ခုကိုလည်းကောင်း ၊ ၇၂ မိုင်ရေလမ်းခရီးရှိသည့် မုံရွာမှ သင်တောအထိ ရေပေါ်အမှတ်အသား အခု၃၀၊ကမ်းပေါ်ပြအမှတ်အသား ၆၅ခု တို့ကိုလည်းကောင်း စိုက်ထူလျက်ရှိသည်။

ထို့အပြင် သင်တောမှ ကလေးဝထိ ၇၃ မိုင် ရေလမ်းခရီးအတွင်း ရေပေါ်ပြ အမှတ်အသား အခု ၃၀ နှင့် ကမ်းပေါ်ပြအမှတ်အသား ၆၅ ခုကိုလည်းကောင်း၊ ကလေးဝမှ အောက်တောင်းထိ ၈၉ မိုင် ရေလမ်းခရီးအတွင်း ရေပေါ်ပြ အမှတ်အသား အခု ၃၀ နှင့် ကမ်းပေါ်ပြ အမှတ်အသား ၇၅ ခုကိုလည်းကောင်း၊ အောက်တောင်းမှ ဟုမ္မလင်းအထိ ၉၃ မိုင် ရေလမ်းခရီး အတွင်းတွင် ရေပေါ်ပြအမှတ်အသား အခု ၃၀ နှင့် ကမ်းပေါ်ပြအမှတ်အသား အခု ၈၀ တို့ကို စိုက်ထူလျက်ရှိကြောင်း သိရသည်။

ရေပေါ်ပြနှင့် ကမ်းပေါ်ပြ အမှတ်အသား ၁၆ မျိုးရှိသည့်အနက် ချင်းတွင်းမြစ်တစ်လျှောက်တွင် ဖြတ်ကူး-ကမ်းကပ်-ဘော့နီ-ဘော့ဖြူဟူသည့် လမ်းညွှန်ပြ အမှတ်အသားများနှင့် အန္တရာယ်ပြအမှတ်အသားများဖြစ်သည့် ကမ်းနီးအန္တရာယ်၊ ကမ်းဝေးအန္တရာယ် ရေကြောင်းပိတ်နှင့် ဘော့နက်တို့ကို အသုံးပြုအချက်ပြသည်ကများကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မဟာအောင်မြေကျောက်မျက်ဈေးမှ အခင်းဝိုင်းကို အဆင့်မြှင့်တင် တည်ဆောက်မည်

**မန္တလေး နိုဝင်ဘာ ၁၅**
မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာအောင်မြေကျောက်မျက်ဈေးမှ အခင်းဝိုင်းကို ငွေကျပ်သိန်းပေါင်း ၁၃၀၀ ခန့် အကုန်အကျခံ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒီဇင်ဘာလတွင် အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံကို မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်ဖြင့်တည်ဆောက်သွားမည်ဖြစ်ပြီး ဆိုင်ခန်းပေါင်း ၆၀၀ ခန့်ပါဝင်မည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်က ပြောသည်။

"ကျွန်တော်တို့ စည်ပင်သာယာဌာနအနေနဲ့ ကောက်ခံရရှိတဲ့ အခွန်ငွေတွေနဲ့ မြို့တော်စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ ခုလည်း မန္တလေးကျောက်ဝိုင်းမှာရှိတဲ့ အခင်းဝိုင်းကို စနစ်တကျဖြစ်အောင် စည်ပင်သာယာဘတ်ဂျက်အသုံးပြုပြီး အဆင့်မြှင့်တင် တည်ဆောက်ပေးတာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆောက်အအုံတည်ဆောက်ရာတွင် မန္တလေးစည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနက ကြီးကြပ်ဆောက်လုပ်မည်ဖြစ်ပြီး တည်ဆောက်ချိန် နှစ်လခန့် ကြာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် အခင်းဝိုင်းတွင် ရောင်းချနေသူ ၄၀၀ ကျော်ခန့်ရှိပြီး ရောင်းချနေသူများစာရင်းကို ကောက်ခံနေကြောင်းသိရသည်။

"ကျောက်ဝိုင်းရှေ့မှာ ခင်းဝိုင်း မီးထိုးဝိုင်း အစောဝိုင်း ဝိုင်းလို့လည်းခေါ်တယ်။ ကျောက်ဝိုင်းဆိုတာ တန်ဖိုးရှိတဲ့ရတနာတွေ ရောင်းတာဆိုတော့ သပ်သပ်ရပ်ရပ်နဲ့ ဖြစ်သွားတာပေါ့။ လက်ရှိရောင်းနေတာတွေက အမြင်မကောင်းဘူး" ဟု ကျောက်ဝိုင်းအဆင့်မြှင့်တင်ရေးအဖွဲ့မှ ဦးသန်းဝင်းကပြောသည်။

မဟာအောင်မြေကျောက်မျက်ရတနာဈေးအတွင်း၌ ကျောက်စိမ်းနှင့် ပတ်သက်၍ အရောင်းအဝယ်လုပ်နေသည့် ဆိုင်ခန်းပေါင်း ၁၁၁၇ ခန်းရှိပြီး အခင်းဝိုင်းမှဆိုင်ခန်းရှင်များစာရင်းကို တိကျမှုရှိရန် စနစ်တကျကွင်းဆင်းပြုစုနေသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင် ကလေးငယ်ငါးသိန်းခန့်အား ကာကွယ်ဆေးထိုးအဖွဲ့ပေါင်း ၆၀၀ ကျော်ဖြင့် ထိုးနှံပေးသွားမည်

**မြစ်ကြီးနား နိုဝင်ဘာ ၁၅**
နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေး ၁၀ မျိုးဖြင့် ကာကွယ်ကုသ၍ ရသော ရောဂါများဖြင့် သေဆုံးမှုမရှိစေရန် ကာကွယ်ဆေးထိုးလုပ်ငန်းအား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုကာကွယ်ဆေးထိုးလုပ်ငန်းမှာ မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပွားလျက်ရှိသည့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးအား ထိုးနှံပေးမည့် အစီအစဉ်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်မှ စတင်၍ အဆိုပါရောဂါ စတင်ဖြစ်ပွားလာပြီး ရောဂါဖြစ်ပွားပြီး အသက်ရှင်ကျန်ရစ်ခဲ့သော ကလေးငယ်အချို့မှာလည်း နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်သည့် မသန်စွမ်းခြင်း၊ လူစင်မမီဖြစ်ခြင်း၊ လူနာနှင့် လူနာရှင်များအား ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းစသည့်ဆိုးကျိုးများ ဖြစ်ပွားတတ်ပါကြောင်း၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးအား ၂၀၁၈ ခုနှစ်တွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၌ ထည့်သွင်းထိုးနှံသွားမည့် ၁၁ ခုမြောက် ကာကွယ်ဆေးဖြစ်ပါကြောင်း၊ ယခုကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းအား အကြားအလပ်မရှိ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ပူးပေါင်းကူညီဆောင်ရွက် ပေးကြစေလိုကြောင်းဖြင့် အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာတင်ဝမ်းက နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက် ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြကာ အခမ်းအနားအပြီးတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တိုးချဲ့ကာကွယ်ဆေး/ ကူးစက်) အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာဇာက်လွမ်းခေါင်က“ ကချင်ပြည်နယ်အတွင်းမှာ မြို့နယ် ၁၈ မြို့နယ်ကို ကာကွယ်ဆေးထိုးအဖွဲ့ပေါင်း (၆၀၀) ကျော် စေလွှတ်ပြီး ကျောင်းအခြေပြု ကာကွယ်ဆေးထိုး လုပ်ငန်းမှာတော့ ကျောင်းပေါင်း ၁၄၄၇ ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၃၁၂၅၇၈ ဦးနဲ့ ပြည်သူလူထုအခြေပြုမှာ ကလေးငယ် ၁၄၃၉၄၈ ဦးကို ကာကွယ်ဆေးများ ထိုးနှံပေးသွားမှာပါ၊ ကချင်ပြည်နယ်အတွင်း ဝေးလံခေါင်ဖျားပြီး သွားလာရခက်ခဲတဲ့ ဒေသတွေမှာတော့ ကာကွယ်ဆေးထိုးလုပ်ငန်းကို တစ်ကြိမ်တည်း ဆောင်ရွက်ပေးဖို့ စီစဉ်ထားရှိပြီး ကာကွယ်ဆေးများကို တပ်မတော် ရဟတ်ယာဉ် အကူအညီနဲ့ နိုဝင်ဘာ ၁၄ ရက်က စတင်ပြီး ပို့ဆောင်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်” ဟု ရှင်းလင်းပြောကြားသည်။

နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်း(၂၀၁၇) အား ကချင်ပြည်နယ်အတွင်း နိုဝင်ဘာလတွင် ကျောင်းအခြေပြုအဖြစ် အသက် ငါးနှစ်မှ ၁၅ နှစ်အတွင်း ဒီဇင်ဘာလတွင် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအဖြစ် ထိုးနှံပေးသွားမည်ဖြစ်ကာ မြစ်ကြီးနားမြို့နယ်အတွင်း ကျောင်းသား၊ ကျောင်းသူ ခြောက်သောင်းကျော်နှင့် ပြည်သူအခြေပြု ကလေးငယ် ၃၅၀၀၀ ကျော်အား ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခေါင်နောမှ ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးမှုကို ကြည့်ရှုအားပေးပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**



# ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး တောင်ကြီးမြို့တွင် ထိုးနှံပေး

**တောင်ကြီး နိုဝင်ဘာ ၁၅**
ပြည်နယ်အဆင့်နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အသက် ကိုးလမှ ၁၅ နှစ်အရွယ် ကလေးများတွင် ရောဂါခုခံနိုင်မှုစွမ်းအား အမြင့်ဆုံးရရှိရန် ရည်ရွယ်ကာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းလုံး၌ နိုဝင်ဘာလတွင် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံပေးခြင်းအစီအစဉ်ဖြင့်လည်းကောင်း၊ ဒီဇင်ဘာလတွင် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးနှံပေးခြင်း အစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်း၊ ကလေးတစ်ဦးတစ်ယောက်မျှမကျန် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ဖူးသည်ဖြစ်စေ၊ မဖြစ်ဖူးသည်ဖြစ်စေ ကလေးအားလုံးထိုးနှံနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် အစုလိုက်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း လွှမ်းခြုံမှု ၉၅ ရာခိုင်နှုန်းကျော်ရရှိအောင် ဆောင်ရွက်နိုင်ပါက အသက် ၁၅ နှစ်အောက်ကလေးများတွင် ဂျပန် ဦးနှောက်ရောင်ရောဂါကူးစက်ဖြစ်ပွားသေဆုံးမှုနှုန်း၊ မသန်မစွမ်းဖြစ်ပွားမှုနှုန်းများ လျော့နည်းကျဆင်းလာမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူတို့သည် အသက် ၁၅ နှစ်အောက် ကျောင်းသား၊ ကျောင်းသူလေးများအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနေမှုတို့ကို ကြည့်ရှုအားပေး၍ ကလေးများအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ UN amencies, INGOs, NGOs မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# မိုင်းရယ်မြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံ

**မိုင်းရယ် နိုဝင်ဘာ ၁၅**
မိုင်းရယ်မြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက အထက မိုင်းရယ် ရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မိုင်းရယ်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာစိုးလွင်က ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို မိုင်းရယ်မြို့နယ်အတွင်း ကလေးငယ်များအားလုံးကို ထိုးနှံပေးမည်ဖြစ်ပြီး ကျောင်းနေကလေးများနှင့် ကျောင်းပြင်ပကလေးငယ်များကိုပါ ထိုးနှံပေးသွားမည်ဖြစ်ပြီး ကုသနိုင်သည့် ရောဂါမဟုတ်သဖြင့် ကာကွယ်ဆေးကို မဖြစ်မနေထိုးနှံရန်လိုအပ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် အဆိုပါ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာစိုးလွင်က ပြောကြားသည်။

မိုင်းရယ်မြို့နယ်အဆင့် ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ပထမအဆင့် အခြေခံပညာကျောင်းများဖြစ်သည့် အ-ထ-က မိုင်းရယ်၊ အ-လ-က မိုင်းရယ်၊ မူလွန် (တပ်တွင်း)၊ မူလွန်(၁)၊ အ-မ-က (၂)၊ အ-မ-က(၄)၊ အ-မ-က နားခို၊ အ-မ-က နားလီ၊ အ-မ-က တုံးခမ်း၊ အ-မ-က ဟွေလွတ်များတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**ခင်မာလာ(မကွေး)**

# မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၂၄ ရွာတွင် ရေတွင်း၊ ရေကန်များ တူးဖော်ပေးမည်

**မိတ္ထီလာ နိုဝင်ဘာ ၁၅**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၂၄ ရွာမှ လူဦးရေ ၇၀၀၀ ကျော်အား သောက်သုံးရေ အခက်အခဲမရှိစေရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဦးစီးဌာန (မွမ်းမံ) ရန်ပုံငွေဖြင့် ရေတွင်း၊ ရေကန်များတူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မွမ်းမံ) ရန်ပုံငွေဖြင့် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်မှ ဘုံစုကန်၊ သဘွတ်ကုန်း၊ လက်ပံ့အိုင့်၊ ဆူးရစ်တန်း၊ သီပင်ခင်၊ ညောင်ပင်သာကျေးရွာများတွင် ခွင့်ပြုငွေကျပ် ၂၇ ဒသမ ၄၆ သန်းဖြင့် မြေသားကန်ပြုပြင်ခြင်းလုပ်ငန်းနှင့် မလှိုင်မြို့နယ်အတွင်းရှိ ကူနီ၊ ကူခွဲ၊ စိုင်သောက်၊ နတ်စဉ်ကုန်းကျေးရွာများတွင် ခွင့်ပြုငွေကျပ် ၂၀ ဒသမ ၆၈ သန်းဖြင့် မြေသားကန်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ်မှ ဒါးဟတ်ကျေးရွာနှင့် ဘုရားစုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ကိုးရွာတွင် ခွင့်ပြုငွေကျပ် ၄၁ ဒသမ ၂၆၁ သန်းဖြင့် အုတ်ရေကန် ပြုပြင်တည်ဆောက်ခြင်းနှင့် လျှပ်စစ်မြစ်ရေတင်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး သာစည်မြို့နယ်အတွင်းရှိ အောင်မြင်သာ၊ ဆင်သေ၊ ရေလည်ကွေ့၊ ကျွန်းလှကျေးရွာများတွင် ခွင့်ပြုငွေကျပ် ၂၅ ဒသမ ၄၅ သန်းဖြင့် တွင်းတိမ်နှစ်တွင်း၊ စိမ့်စမ်းတစ်တွင်းနှင့် မြေသားကန်ပြုပြင်ခြင်းလုပ်ငန်း နှစ်ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းနောက် Unicef ပံ့ပိုးကူညီမှုဖြင့် သာစည်မြို့နယ်၌ တွင်းနက်တူးဖော်ခြင်းလုပ်ငန်း နှစ်ခုနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း နှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၃၉၄၊ လူဦးရေ ၇၆၃၇ ဦးတို့အား အကျိုးပြုသွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အခြေခံပညာကျောင်းများကို အခြေပြု၍ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး သာစည်မြို့တွင် ထိုးနှံပေး

**သာစည် နိုဝင်ဘာ ၁၅**
သာစည်မြို့နယ်တွင် နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီမှ စတင်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအခြေပြု၍ အသက် ငါးနှစ်မှ ၁၅ နှစ်အထိ ကလေးငယ်တိုင်းကို ဆရာ၊ ဆရာမများ၏ ကူညီဆောင်ရွက်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ အသက် ငါးနှစ်မှ ၁၅ နှစ်အထိ ကလေးငယ်များကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ အသက်ကိုးလမှ ငါးနှစ်အထိ ကလေးများကိုလည်းကောင်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဆေးထိုးအဖွဲ့ပေါင်း ၅၂ ဖွဲ့ဖြင့် မြို့နယ်အတွင်းရှိ ကလေးငယ်ပေါင်း ၅၀၀၀၀ ကို ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံရာ အခြေခံပညာစာသင်ကျောင်းများသို့ မြို့နယ်အုပ်ချုပ်ရေး ဦးထင်ကျော်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလင်းထင်ကျော်နှင့်အဖွဲ့တို့က သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**မောင်ကို(သာစည်)**

# ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး ထိုးနှံရန် ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြား



**ပဲခူး နိုဝင်ဘာ ၁၅**
ပဲခူးမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးအဆင့် ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံရန်အကျုံးဝင်သည့် ကလေးများအားလုံး ရာနှုန်းပြည့် အန္တရာယ်ကင်းစွာဖြင့် ကာကွယ်ဆေးထိုးနှံရန်အတွက် တက်ညီလက်ညီဆက်စပ်ဌာန၊ အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်ပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ကျောင်းအခြေပြု ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကာကွယ်ဆေးထိုးနှံပေးနေမှုအားကြည့်ရှုကြသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါသည် အသက်တစ်နှစ်မှ ၁၄ နှစ်အကြားတွင် ဖြစ်ပွားပြီး မြန်မာနိုင်ငံ၌ ကပ်ရောဂါအသွင် ဖြစ်ပွားတတ်သည့် ခြင်မှတစ်ဆင့် ကူးစက်သည့်ရောဂါဖြစ်သည်။ ရောဂါကာကွယ်ဆေးအား နိုင်ငံတစ်ဝန်းကျယ်ပြန့်စွာ အစုလိုက်ထိုးနှံပေးရန်အတွက် ကာကွယ်ဆေး၊ ကာကွယ်ဆေးထိုး ဆက်စပ်ပစ္စည်းများနှင့် လုပ်ငန်းကုန်ကျစရိတ်များကို (Gavi)အဖွဲ့မှ ကူညီပံ့ပိုးပေးသဖြင့် အသက်ကိုးလမှ ၁၅ နှစ်အရွယ်ကလေးများအားလုံး ထိုးနှံပေးမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း အသက် ကိုးလမှ ၁၅ နှစ်အရွယ် ကလေးငယ် ၁၂ ဒသမ ၇ သိန်းရှိပြီး အဆိုပါ ကလေးလူငယ်များအား အစီအစဉ်နှစ်ရပ်ဖြစ်သော ကျောင်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်နှင့် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်တို့ဖြင့် ထိုးနှံပေးသွားမည်ဖြစ်သည်။

နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံပေးခြင်း အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူအားလုံးကို သက်ဆိုင်မြို့နယ်အလိုက် တစ်ပြိုင်တည်း ထိုးနှံပေးမည်ဖြစ်ပြီး ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်ကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီစသည့် လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လွိုင်ကော်မြို့၌ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၁၅**
ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ( ၂၀၁၇) စတင်ထိုးနှံခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး ကယားပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က ယနေ့ကျင်းပသည့် နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင် ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၇) စတင်ထိုးနှံခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**



## မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းဖွင့်

**သန်လျင် နိုဝင်ဘာ ၁၅**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ အစီအစဉ်ဖြင့် မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း (ဆင့်ပွား) သင်တန်း အမှတ်စဉ် (၂/၂၀၁၇) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ အဆင့်မြင့်(မွမ်းမံ) လေ့ကျင့်ရေးသင်တန်းကျောင်း (သန်လျင်)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေက မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းဖေနှင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြပြီး တောင်ပိုင်းခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့များမှ ရဲအရာရှိနှင့်အခြားအဆင့် သင်တန်းသား ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ နိုဝင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်နိုင် (သန်လျင်)**

## ကျေးရွာအဆင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဝယ်ယူရေးမွမ်းမံသင်တန်းဖွင့်လှစ်

**ပန်းတောင်း နိုဝင်ဘာ ၁၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်းအကောင်ထည်ဖော်ဆောက်ရွက်သော ပန်းတောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ဒုတိယနှစ်စက်ဝန်းအတွင်း ကျေးရွာအဆင့်ဘဏ္ဍာရေးစီမံခန့်ခွဲမှု မွမ်းမံသင်တန်းကို ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါသင်တန်း သင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ ကော်မတီဝင်များ စာရင်းဇယားများ ကောင်းမွန်စွာ ဖြည့်သွင်းတတ်စေရန်၊ စာရင်းစာအုပ်များနှင့် အခြားအထောက်အထားများကို ကောင်းမွန်စွာထိန်းသိမ်းထားနိုင်စေရန် သင်ကြားရခြင်းဖြစ်ကြောင်း သင်တန်းဆရာမတစ်ဦးက ပြောကြားသည်။

ယင်းသင်တန်းတွင် ကျေးရွာအုပ်စု ငါးအုပ်စုမှ ဘဏ္ဍာရေးဆပ်ကော်မတီဝင် ၅၀ တို့တက်ရောက်သင်ကြားလျက်ရှိသည်။ အလားတူ ကျေးရွာအဆင့် ဝယ်ယူရေး မွမ်းမံသင်တန်းကိုလည်း ပန်းတောင်းမြို့ ဆုတောင်းပြည့်ကျောင်းတိုက်ဓမ္မာရုံတွင် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ကော်မတီဝင် ကျား ၂၂ ဦး၊ မ ၁၇ ဦး ဝယ်ယူရေးကော်မတီဝင် စုစုပေါင်း ၃၉ ဦးအား ဝယ်ယူရေးနှင့် ပတ်သက်သော လုပ်ငန်းစဉ်များ၊ တာဝန်ဝတ္တရားများအား နားလည်သဘောပေါက်လာစေရန် ရည်ရွယ်၍ ဝယ်ယူရေးမွမ်းမံသင်တန်းအား ပို့ချလျက်ရှိကြောင်းသိရသည်။

**သူရအောင် (ပြည်)**



## ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး မင်္ဂလာတောင်ညွန့်တွင် ထိုးနှံပေး

**ရန်ကုန် နိုဝင်ဘာ ၁၅**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် အ-မ-က (၁၁) ကျောင်း၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မင်္ဂလာတောင်ညွန့် ကျန်းမာရေးဦးစီးဌာနမှ နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက အသက် ငါးနှစ်မှ ၁၅ နှစ်အထိ ကျောင်းသား၊ ကျောင်းသူလေးများကို ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးရာတွင် အ-မ-က (၁၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနုနိုင်နှင့် ဆရာမများ၊ အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်တို့က အနီးကပ်ကြီးကြပ်ပြီး ကျန်းမာရေးဆရာမများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များမှ ဝိုင်းဝန်းကူညီ၍ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၅ ဦးအား ကာကွယ်ဆေးထိုးပေးခဲ့ကြသည်။

**ကျော်စိုးမိုး**

## ကျောင်းသား၊ ကျောင်းသူများအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ညောင်တုန်းမြို့တွင် ထိုးနှံပေး

**ညောင်တုန်း နိုဝင်ဘာ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ကျောင်းအခြေပြု (၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

မြို့နယ်ကျန်းမာရေးဌာနမှ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းလမ်းညွှန်စာအုပ်များပါ ဖြန့်ဝေပေးသည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိ ငါးနှစ်မှ ၁၅ နှစ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလေးများအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးအသင်းဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

## စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ပလောက် နိုဝင်ဘာ ၁၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ အမှတ် (၄) ရပ်ကွက်နှင့် ပြည်ခြားကျေးရွာ၌ စက်သုံးဆီအရောင်းဆိုင်များ တရားမဝင်ရောင်းချခြင်း ရှိ-မရှိ ရောင်းချခွင့်ပြုထားသည့်နေရာတွင် စနစ်တကျ ရောင်းချခြင်း ရှိ-မရှိကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါစစ်ဆေးရာတွင် ပလောက်မြို့မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့များပူးပေါင်း၍ စက်သုံးဆီရောင်းချမှုအခြေအနေ၊ စက်သုံးဆီများ မီးဘေးအန္တရာယ်ကင်းရှင်းစွာ ထားရှိမှုအခြေအနေနှင့် အရေးပေါ်မီးသတ်ဆေးဘူးများကို စက်သုံးဆီအရောင်းဆိုင် ပမာဏနှင့် လုံလောက်အောင်ထားရှိခြင်း ရှိ မရှိ၊ မီးသတ်ဆေးဘူးများ ကောင်း-မကောင်း စသည်တို့ကို ကြည့်ရှုစစ်ဆေး၍ မီးဘေးအန္တရာယ်ကင်းဝေးစေရေး၊ မီးထိတ်လန့်မှုမဖြစ်ပွားစေရေးတို့အတွက် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**



## ဘွန်ဘင်းပြောလာတဲ့ ဟောလိဝုဒ်ခြေလှမ်း

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတွေအနက် ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ဟွန်ဘင်းက သူ့ရဲ့ဟောလိဝုဒ်ရုပ်ရှင်လောကသို့ ခြေလှမ်းဖို့ အစီအစဉ်နဲ့ပတ်သက်ပြီး မကြာသေးမီကပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖွင့်ဟခဲ့ပါတယ်။ မင်းသားရဲ့ရင်ဖွင့်စကားတွေအရ ဟွန်ဘင်းရဲ့ ပရိသတ်တွေအနေနဲ့တော့ သူ့ရဲ့ဟောလိဝုဒ်ရုပ်ရှင်တွေကို မျှော်လင့်နိုင်ဦးမှာ မဟုတ်ပါဘူး။ မင်းသားက သူ့ကို လာရောက်ကမ်းလှမ်းတာတွေရှိပေမယ့် လက်ခံရိုက်ကူးပေးဖို့ရာ အစီအစဉ်တော့ မရှိသေးကြောင်း ဖြေကြားခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားမီဒီယာတစ်ခုနဲ့ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဟွန်ဘင်းက "ကျွန်တော့်ကို လာရောက်ကမ်းလှမ်းခဲ့တာရှိပါတယ်။ ဒါပေမယ့် ကျွန်တော် လက်မခံခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အချိန်ကြောင့်နဲ့ ကျွန်တော်ကိုယ်တိုင်ကလည်း အချို့အပိုင်းတွေမှာ ဟောလိဝုဒ်ရုပ်ရှင်လောကကိုဝင်ရောက်ဖို့ရာ အဆင်သင့်မဖြစ်သေးတာကြောင့်လည်း ပါပါတယ်"လို့ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာတော့ ဟွန်ဘင်းဟာ သည်းထိတ်ရင်ဖိုတိုက်ခိုက်ရေး ရုပ်ရှင်တစ်ကားကို လက်ခံရိုက်ကူးပေးခဲ့တာဖြစ်ပါတယ်။ "The Swindlers" လို့ အမည်ရတဲ့ ယင်းရုပ်ရှင်မှာတော့ ဟွန်ဘင်းက လူလိမ်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပြီး ဟွန်ဘင်းရဲ့ ဇာတ်ကောင်ဟာ အခြားသောလူလိမ်တွေကို လိုက်လံဖမ်းဆီးတာတွေကို ယင်းရုပ်ရှင်မှာ တွေ့မြင်ရမှာလည်းဖြစ်ပါတယ်။ "The Swindlers"ကိုတော့ တောင်ကိုရီးယားနိုင်ငံတစ်ဝန်း လာမယ့် နိုဝင်ဘာ ၂၂ ရက်မှာ အထူးပွဲပြသကာ စတင်ရုံတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## ဂျပန်မှာ ကျင်းပမည့် MAMA ဆုပေးပွဲသို့ ကိုရီးယားအနုပညာရှင်များ တက်ရောက်မည်

ယခုလအတွင်း ဂျပန်နိုင်ငံမှာ ကျင်းပသွားမယ့် တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ MAMA ဆုပေးပွဲကို တက်ရောက်သွားမယ့် အနုပညာရှင်တွေရဲ့ အမည်တွေကို ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ စွန်ပီဒေ့ါကွန်းက ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၅ ရက်မှာ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ယင်းဆုပေးပွဲဟာ Mnet က ဦးဆောင်ကျင်းပတဲ့ အာရှတေးဂီတထူးချွန်ဆုပေးပွဲဖြစ်ပြီး ယခုနှစ်အတွက် ကျင်းပသွားမယ့် ဆုပေးပွဲကိုတော့ လာမယ့် နိုဝင်ဘာ ၂၉ ရက်မှာ ဂျပန်က ယိုကိုဟားမားအရီနာမှာ ကျင်းပသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၅ ရက်မှာ ထွက်ရှိလာခဲ့တဲ့သတင်းတွေအရ တောင်ကိုရီးယားရဲ့ နာမည်ကျော်အနုပညာရှင်တွေဖြစ်ကြတဲ့ ဆိုးကန်ဂျွန်း၊ ကမ်ဆိုးဟွန်၊ ဆန်းဟွန်း၊ လီဆန်ဘင်းနဲ့ လီဟိုဂျန်းတို့ဟာ အဆိုပါဆုပေးပွဲကို တက်ရောက်ကာ ထူးချွန်ဆုတွေကို ချီးမြှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ ယခင်က ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တဲ့ သတင်းတွေအရ ချိုဆန်းဟွန်းနဲ့ ယန်နိုရှီဟိုတို့လည်း တက်ရောက်သွားမှာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်အတွက် ရည်ရွယ်ပြုလုပ်သွားမယ့် ယင်းအာရှတေးဂီတထူးချွန်ဆုပေးပွဲကြီးမှာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကေပေ့ါပ်တေးဂီတအဖွဲ့တွေအနက် "EXO-CBX "၊ " MONSTA X "၊ "SEVENTEEN"၊ "TWICE "နဲ့ "Wanna One"တို့ ပါဝင်ဖျော်ဖြေသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



အေးပြည့်
ရေးသားသည်




## စစ်မှုထမ်းပြီးနောက် ရုပ်သံဇာတ်လမ်းတွဲနဲ့ ပြန်လည်အသက်ဝင်လာမယ့် လီဆန်းဂီ

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီဆန်းဂီဟာ စစ်မှုထမ်းကာလအပြီးမှာ ရုပ်ရှင်သစ်တစ်ကားကို ပထမဆုံးလက်ခံရိုက်ကူးပေးခဲ့တာဖြစ်ပါတယ်။ လီဆန်းဂီရဲ့ ပထမဆုံးပြန်လည်ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ကတော့ tvN က ရုပ်ကူးထုတ်လွှင့်သွားမယ့်ဇာတ်လမ်းတွဲ "Hwayugi"ဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက လီဆန်းဂီဟာ @star1 မဂ္ဂဇင်းရဲ့ လာမယ့် ဒီဇင်ဘာလထုတ် မဂ္ဂဇင်းအတွက်မျက်နှာဖုံးဓာတ်ပုံတွေ ရိုက်ကူးပေးခဲ့ပြီး ယင်းမဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ သူ့ရဲ့အနာဂတ်အနုပညာလှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ တေးသံရှင်တစ်ဦးအဖြစ်လည်း ကျော်ကြားခဲ့ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်ကာ အခြားသောအနုပညာတွေမှာလည်း ထူးချွန်တဲ့ စွယ်စုံရမင်းသားတစ်ဦးဖြစ်တဲ့ လီဆန်းဂီက သူ့အနေနဲ့ ယင်းရုပ်ရှင်ကို ရွေးချယ်ရိုက်ကူးပေးခဲ့ရတဲ့အကြောင်းရင်းကိုလည်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

"Hwayugi"မှာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ခဲ့ဖြစ်တာနဲ့ ပတ်သက်ပြီး လီဆန်းဂီက "ဇာတ်ညွှန်းက တကယ်ကို ပျော်စရာလေးပါ၊ ဇာတ်ညွှန်းရေးပေးတဲ့သူတွေနဲ့ကလည်း အရင်က တွဲဖက်လုပ်ကိုင်ခဲ့ဖူးတာလေးတွေလည်းရှိတော့ သူတို့အပေါ်မှာယုံကြည်စိတ်ကလည်း အပြည့်ပဲလေ၊ အဲဒါတွေထက်အရေးကြီးတာကတော့ ကျွန်တော်ကိုယ်တိုင်က အဲဒီရုပ်ရှင်မှာ ပါဝင်ရမယ့်ဇာတ်ရုပ်ကို ကောင်းကောင်းပုံဖော်ပေးသွားနိုင်မယ်လို့ ထင်တာကြောင့်လည်း လက်ခံဖြစ်ခဲ့တာပါ"လို့ ပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် လီဆန်းဂီက သူ့ရဲ့စစ်မှုထမ်းကာလအတွင်း တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေနဲ့ စစ်သားတစ်ဦးရဲ့ဘဝနဲ့ သာမန်နိုင်ငံသားတစ်ဦးရဲ့ ဘဝတွေကိုလည်း နှိုင်းယှဉ်ပြောကြားခဲ့ပါတယ်။ လီဆန်းဂီက စစ်မှုထမ်းကာလအတွင်း ချီတက်ပွဲအားလုံးမှာ ပါဝင်ခဲ့ကြောင်းနဲ့ ယင်းကာလအတွင်းမှာ သူ့ရဲ့ယှဉ်ပြိုင်လိုစိတ်ကို ယခင်ကထက် ပိုမိုဖြစ်ထွန်းလာစေခဲ့တယ်လို့ဆိုပါတယ်။ ဒ့ါအပြင် အထူးစစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရတဲ့ လီဆန်းဂီက အရာရာကို အတွေ့အကြုံရအောင် ဆောင်ရွက်လိုကြောင်းလည်း ရင်ဖွင့်ခဲ့ပါတယ်။

"Hwayugi" ဟာ ဒရမ်မာဇာတ်လမ်းတွဲအမျိုးအစားဖြစ်ပြီး တစ်ချိန်က ကျော်ကြားခဲ့တဲ့ဝတ္ထုကို ဇာတ်လမ်းဆင်ကာ ပြန်လည်ရိုက်ကူးပုံဖော်သွားမှာဖြစ်ပါတယ်။ ဇာတ်ညွှန်းကိုတော့ ဟွန်းစစ်စတားစ်က တာဝန်ယူရေးသားပေးသွားမှာဖြစ်ပြီး ထုတ်လွှင့်ပြသမယ့်ရက်ကိုတော့ ထုတ်ဖော်ပြောကြားခြင်း မရှိသေးတာလည်း ဖြစ်ပါတယ်။

## PEOPLE မဂ္ဂဇင်းကရွေးချယ်လိုက်တဲ့ ဆွဲဆောင်မှုအရှိဆုံးအမျိုးသား ဘလိတ်ခ်ရှယ်လ်တန်



ကမ္ဘာကျော်မဂ္ဂဇင်းကြီးဖြစ်တဲ့ PEOPLE မဂ္ဂဇင်းက ယခုနှစ်ရဲ့ သက်ရှိထင်ရှားရှိနေသူတွေအနက် ဆွဲဆောင်မှုအရှိဆုံးအမျိုးသားအဖြစ် ဘလိတ်ခ်ရှယ်လ်တန်ကို ရွေးချယ်ဖော်ပြခဲ့ပါတယ်။ နာမည်ကျော် ကန်းထရီးတေးသံရှင်တစ်ဦးဖြစ်တဲ့ ဘလိတ်ခ်ရှယ်လ်တန်က သူ့ကို ရွေးချယ်ခဲ့တဲ့အပေါ် များစွာသောသူတွေက ယင်းဂုဏ်ပုဒ်နဲ့မထိုက်တန်ကြောင်း ဝေဖန်မှုတွေရှိလာနိုင်ကြောင်း ခန့်မှန်းထားကာ ဒီအဖြစ်အပျက်ကြောင့် သူ့ကို မမုန်းကြစေလိုကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

PEOPLE မဂ္ဂဇင်းကြီးက ယခုနှစ်အတွက် ဆွဲဆောင်မှုအရှိဆုံး အမျိုးသားအဖြစ် ဘလိတ်ခ်ရှယ်လ်တန်ကို ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၄ ရက်မှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကာ ဒီလိုရွေးချယ်ကြောင်းကို နောင်ထွက်ရှိမယ့် မဂ္ဂဇင်းမှာ ထည့်သွင်းဖော်ပြသွားမှာဖြစ်ပြီး ဘလိတ်ခ်ရှယ်လ်တန်ကို မျက်နှာဖုံးရှင်အဖြစ် ဖော်ပြသွားမှာဖြစ်ကြောင်းလည်း မဂ္ဂဇင်းရဲ့ တရားဝင်လူမှုကွန်ရက်မီဒီယာ စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒီလိုရွေးချယ်ဖော်ပြခြင်းခံခဲ့ရပြီးနောက် ဘလိတ်ခ်ရှယ်လ်တန်ဟာ ဝေဖန်မှုအချို့နဲ့ ရင်ဆိုင်ခဲ့ရပြီး ဝေဖန်ခဲ့သူတွေထဲမှာ သူနဲ့ အရင်းနှီးဆုံးသူတွေဖြစ်တဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ချစ်သူဖြစ်တဲ့ တေးသံရှင် ဂွမ်စတက်ဖန်နီလည်း ပါဝင်နေတာဖြစ်ပါတယ်။ ဒ့ါကြောင့် ဘလိတ်ခ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ PEOPLE မဂ္ဂဇင်းကြီးကဖော်ပြခဲ့တဲ့ အင်တာဗျူးအောက်မှာ ချောမောလှပတဲ့သူတစ်ဦးဖြစ်တဲ့ သူ့အပေါ် ပရိသတ်တွေအနေနဲ့ မမုန်းကြဖို့ ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

**စည်းစိမ်မင်း** 09-444450446, 09-444450558, 09-250144709 (အိမ်အရောက်လက်မှတ်ပို့)

- တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၄)ရက်။ 50000 လှိုင်ကော်ပါ(၅)ရက်။ 65000
- ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက်။ 37000
- မန္တလေး၊ ပြင်ဦးလွင်၊ ဧစ်ကိုင်း၊ မုံရွာ(၄)ရက်။ 50000
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်။ 65000
- ဘားအံ၊ပြဝတီ၊မဲဆောက် (၃)ရက်။(Hotel တည်း ရေိတ်ငြိမ်း) 75000
- သီပေါ၊ ဘော်ကြို၊ ဗော်နန်း၊ Little Bagan၊ နန်းဟူးစွဲ၊ ဒုဋ္ဌဝတီ 65000
- ကမ္ဘာ့ဝ၊ ဒေါင်းဆေးကျွန်း၊ ဘီလူးကျွန်း၊ ကျိုက္ကမီ၊ စက်စဲ 40000
- ရှင်သီဝလီဖြေတော်ရာ၊ ငါးထပ်ကြီးဘုရား၊ ဖယ်လဲရေတံခွန်၊ ပဲခူး 20000
- ကျိုက်ထီးရိုး၊ ကျိုက်ပိရဟန္တာ၊ မဲလံ၊ ဇိမ်းလှဲတင်၊ ဒေးစွန်ပါ 20000

ကျိုက်ထီးရိုး 10000 ရှောင်းသာ 12000

Nov 17,18,24,25 Dec 1,2,8,9,15,16

**လောကနတ်**

ပုဂံ၊ ပုပ္ပါး (စွယ်တော်လေးဆူ) (Hotel - ငြိမ်း) 100000

ကျိုက်ထီးရိုး (နေ့စဉ်/ငြိမ်း) 33000

ချောင်းသာ (Guest - ငြိမ်း) 35000

(နေ့စဉ်) (Hotel - ငြိမ်း) 40000

ငွေဆောင် (Hotel - ငြိမ်း) 50000

(နေ့စဉ်) (Hotel+ကား) 40000

ကားမျိုးစုံစင်းလုံးငှားဆောင်ရွက်ပေးသည်။

Ph : 09 426223380, 09 426223390

**Modern Myanmar**

ကျိုက်ထီးရိုး (နေ့စဉ်) 10000

ချောင်းသာ (နေ့စဉ်) Guest 33000 / Hotel 40000

ငွေဆောင် (Hotel+ကား) 45000

မြဝတီ၊ မဲဆောက် (Hotel ငြိမ်း)(သောကြာ) 100000

ကားစီးလုံးငှား Package စီစဉ်ပေးသည်။

09-450047016, 09-253540004

**လုံးရောင်သီ** ဧပ္ပဒါန

AirCom: Express

Nov-17,24

420144148, 421153797

**ကားစီးလုံးငှားသည်။**

AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငါး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။

မြို့တွင်း / မြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။

Ph: 09-252522200, 09-33345545, 09-5089800

အင်္ဂလိပ်စာဘာသာရပ်မှာ ..... အမှတ်များလိုသူများ အတွက်

# ဂုဏ်ထူး ဦးအောင်ဒိုင်

2018 English Question 5 Sets

၂၀၁၈ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ မေးခွန်း ၅ စုံ

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

## အသိပေးဖိတ်ခေါ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း×၇၃လမ်းကြားနှင့် လမ်း၃၀×၃၁လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မင်္ဂလာဈေးကြီးအား အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် Master Plan (၂)မျိုးဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူစနစ်ဖြင့် တည်ဆောက်သွားမည်ဖြစ်၍ စိတ်ပါဝင်စားသော ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Master Plan (၂)မျိုးပေါ်တွင် အခြေခံ၍ Expression of Interest (EoI) အဆိုပြုလွှာများကို ၈-၁၂-၂၀၁၇ရက် နောက်ဆုံးထား တင်သွင်းနိုင်ပြီး အဆိုပါမင်္ဂလာဈေးကြီး အသစ်ပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ ဆက်သွယ်၍ ထုတ်ယူနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**NEW GENERATION**

Ngapali Beach Tour Package

ကမ်းသာယာ၊ ငပလီ

အပတ်စဉ် သောကြာနေ့

ည ၉း၀၀ နာရီ ၂ ညအိပ်၊ ၃ ရက်

Family Holiday Package (Ngapali Beach)

Ph : 09 426887227, 09 426887228

"လုံးချင်း/မြေကွက် အမြန်ရောင်းမည်" (ပွဲစားမလို)

| | | | |
|---|---|---|---|
| ၁။ရန်ကင်း၊ကျောက်ကုန်း (60x100) | 1RC | 1Sqft-2.8L |
| ၂။ဗဟန်း၊နတ်မောက်လမ်း(0.5ဧက) | 2RC | 1Sqft-1.5L |
| ၃။လှိုင်မြင်းမိုရ်အိမ်ရာ (70x70) | မြေ | 12000L |
| ၄။(၇)မိုင်၊ပြည်လမ်းသွယ် (60x55) | မြေ | 9850L |
| ၅။သဃန်းကျွန်း၊သုမင်္ဂလာအိမ်ရာ (45x110) | 2RC | 7500L |
| ၆။ကမာရွတ်၊ဗဟိုလမ်းမပေါ် (25x50) | 2BN | 5480L |
| ၇။YIT ကျောင်းအနီး (0.038ဧက) | မြေ | 3900L |
| ၈။(၁၀)မိုင်၊လေဆိပ်လမ်း (45x60) | မြေ(အုတ်စတ်) | 3750L |

01 510600, 095185534, 095040160, 095173690

**KTECG KYAW THAR**

ENGINEERING & CONSTRUCTION GROUP CO., LTD.

အမှတ် (၁၅/ဘီ)၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁ ၈၆၀၄၄၅၆၊ ၀၉ ၉၇၇၈၅၅၁၃၂

1. Senior QS Engineer ကျား/ မ (၅) ဦး

- BE (Civil), AGTI (Civil) ရရှိထားသူ ဖြစ်ရမည် ။
- Estimate ကောင်းမွန်စွာ တွက်ချက်နိုင်ပြီး Tender ပိုင်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- Auto CAD 2D နှင့် Excel ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅) နှစ်နှင့် အထက် ရှိရမည်။

စိတ်ဝင်စားသူများသည် ကိုယ်ရေးမှတ်တမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင် ဖြစ်စေ၊ Email: ktcg.hr@gmail.com သို့ဖြစ်စေ (၃၀.၁၁.၂၀၁၇) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

**ပလုတ်တုတ်**

က လေး ဂျာ နယ်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ထွက်ပြီ။

ဒိုးဒိုးရှန်းရဲ့ ညနစ်ည၊ တုံတုံနဲ့ဆုံဆုံရဲ့ ဖိုတိုတုံတုံ၊ တောပျော်လေးဘော်ဘော်ရဲ့ ရွှေသမင်ဘယ်ကထွက်၊ ကိုယ်ပိုင်ရေဒီယိုစတေရှင်ကြီးတစ်ခုကိုဆောက်လုပ်နိုင်သူ Kelvin Doe ၊ အသိလည်းကြွယ်ဉာဏ်စမ်းမယ်၊ ထူးချွန်ထက်မြက်သောကလေးများနှင့် တွေ့ဆုံခြင်း၊ ဝက်ပါ၊ ဆက်ရက်ကျားပုံရေးဆွဲနည်း၊ ကလေးအတွေး/မျက်လုံး စသည့်ကဏ္ဍပေါင်းများစွာနှင့်




၁,၅၀၀ ကျပ်

တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့မဖြန့်မီ ငါးရက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။

တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

9.75 %* p.a.

Fixed Deposit

For (90) Days

ဒီအထူး အတိုးနှုန်းနဲ့ အခုပဲ ငွေစုလိုက်ပါ။



အချိန်ကာလ သတ်မှတ်ထားပါသည်။

Email: info@yomabank.com | www.yomabank.com

*သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ အကျုံးဝင်ပါသည်။ 9.75% p.a.

ရိုးမဘဏ်

ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

# ကြော်ငြာ

**ရွှေစံမို** သောကြာထွက် ပျော်ရွှင်စရာခရီးစဉ်သစ်များ
- သီပေါ၊ ဘော်ကြိုး၊ ပေါက်နန်း၊ Little Bagan၊ နန့်ဟူးရွာ၊ ဒုဋ္ဌဝတီမြစ်ဆုံ 65000
- ကဗျာဝ၊ ခေါင်းဆေးကျွန်း၊ ဘီလူးကျွန်း၊ မော်လမြိုင်၊ ကျိုက္ခမီကမ်းခြေ 40000
- ရှင်သီဝလိမြေတော်ရာ၊ ငါးထပ်ကြီးဘုရား၊ စပ်လဲရေတံခွန်၊ ပဲခူး 20000
- ကျိုက်ထီးရိုး၊ ကျိုက်ပီရဟန္တာ၊ မဲလ်ဆံတော်ရှင်၊ စိမ်းလဲ့တင်ဥယျာဉ် 20000
- ချောင်းသာ(နေ့စဉ်) 09-420420761, 09-420420762, 09-420420763

ရှိုင်ရယ် **ပဏ္ဍာမြား**
ပုဂံ-ပုပ္ပါး-ပခုက္ကူ 45000
မြဝတီ-မဲဆောက် 70000
၂ည-၃ရက်(အပတ်စဉ်-သောကြာ)
43054897, 444462599

**ASIA DRAGON** (အာရှနဂါး)
ကျိုက်ထီးရိုး ချောင်းသာ ငွေဆောင် နေ့စဉ် မြဝတီ၊မဲဆောက်၊ဘားအံ ပုဂံ၊စွယ်တော်လေးဆူ၊ပုပ္ပါး
01 707062, 01 703790, 09 30030030, 09 30030070, 09 30030090

ပုဒ္ဓ မမ္မ သံဃံ
**ဗမာဆေးသုတ်အဖွဲ့**
(၁)ဝေဗတ်သည်၊ Unitex - 150,200,250,300
Orient - 250,300,350,400
Premier - 300,350,400,450
ICI - 350,450,700
Nippon - 400,500,750
ဆေးပစ္စည်း + လက်ခ အပြီးအစီး
လက်စသီးသန့်လက်ခံသည်၊
09-73174830, 09-5131799, 09-799901512

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## အထက(ဘော်တွင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ္မတူမြို့နယ် အထက(ဘော်တွင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၅၅)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ/ဆရာမများအား ဘော်တွင်း/ကျားစခန်း ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ပူဇော်ကန်တော့မည့် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက်နှင့် (၃၀)ရက်များတွင် အထက(ဘော်တွင်း)ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက(ဘော်တွင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါ ကျင်းပရေးကော်မတီဝင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**"ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းနေဖက်သူငယ်ချင်းမိတ်ဆွေအပေါင်းတို့ ပြန်လည်ဆုံတွေ့ကြပါစို့"**

**ဦးသန်းရွှေ(ရန်ကုန်)၀၉-၅၁၇၄၇၇၊ ဒေါ်အေးအေးဝင်း(ရန်ကုန်)၀၉-၄၀၀၀၃၁၄၀၀၊ ဦးကိုကိုကြီး(မန္တလေး) ၀၉-၂၀၁၃၅၁၆၊ ဦးကျော်သိန်း(နေပြည်တော်)၀၉-၃၁၂၇၅၉၇၂၊ ဦးထွန်းမြင့်(လားရှိုး)၀၉-၅၂၆၂၅၅၈၊ ဦးစိန်ထွေး(မူဆယ်)၀၉-၂၆၅၉၃၀၅၁၆၊ ဦးစန်းလွင် (နမ္မတူ)၀၉-၂၅၉၆၉၃၉၀၂၊ ဒေါ်ခင်နိုး(ဘော်တွင်း) ၀၉-၄၄၅၉၆၂၉၈၀၊ ဦးကြည်မြင့်(ဘော်တွင်း) ၀၉-၄၅၄၄၁၉၅၇၉၊ ဦးတင်စိန်(ကျားစခန်း)၀၉-၄၇၃၁၂၀၄၈**

**စွမ်းမှဟာ** အကျိုးဆောင်မှ ရောင်း/ငှားမည်
09773221022, 09777720166, 0909785221022

| | | | |
|---|---|---|---|
| ဗဟန်း၊ ရွှေဂုံတိုင် | (60'x70') | 5RC,ဘိုးဘွား | 20000 L |
| အင်းလျားရိပ်သာလမ်း | (28'x70') | 3½RC(new) | 7000 L |
| ရွှေတောင်ကြားရိပ်သာ | (40'x60') | 2RC,3MBR | 8500 L |
| ၇မိုင်၊ တေးနုယဉ်လမ်း | (30'x72') | 2RC,ဂရန် | 8000 L |
| ရန်ကင်း၊ဘောက်ထော် | (35'x80') | 2RC,3MBR | 7200 L |
| သီရိရတနာရိပ်သာ | (30'x84') | 3RC3MBR | 6500 L |
| ဗဟန်း၊ကမ္ဘာအေးလမ်း | (60'x90') | 2RC,5MBR | 11000 L |
| အင်းယားမြိုင်လမ်းမ | (50'x72') | မြေဘိုးဘွား | 12000 L |
| ရန်ကင်း၊ဘောက်ထော် | (50'x100') | မြေဘိုးဘွား | 11900 L |
| ရန်ကင်း၊ဘောက်ထော် | (63'x130') | မြေဘိုးဘွား | 14900 L |
| ဝေဇယန္တာကျောကပ် | (40'x60') | မြေအုတ်ခံတိုက်ဂရန် | 3600 L |
| အင်းယားလမ်း | (100'x120') | မြေဘိုးဘွား | 1SF-3.3 L |
| စိမ်းလဲ့ကန်သာလမ်း | (110'x100') | 2RC,ဘိုးဘွား | 1SF- 4 L |
| တက္ကသိုလ်ရိပ်မွန်ကွန်ဒို | (1250SF) | 12F,1MBR,2BR,5AC | 10 L |
| အနော်ရထာလမ်းမ | (15'x50') | GF,Hall | 15 L |
| အင်းယားလမ်း | (40'x60') | 2RC,4MBR,4AC | 15 L |
| ကမ္ဘာအေး၊ဝါယာလက် | (55'x75') | 3RC5MBR | 19 L |
| ဝင်ဒါမီယာ | (25'x50') | 2RC,1MBR,1BR,3AC | 19 L |
| မြန်မာပလာဇာနီး | (50'x100') | 1RC,3BR,4AC | 29 L |

ကွန်ဒို၊ လုံးချင်း၊ ခြံကွက်၊ ဂိုဒေါင်များအပ်နှံပေးရန် ဖိတ်ခေါ်ပါသည်။

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**THREE STAR**
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New
1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 300000-Ks
(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932




နိုင်ငံခြားသားများအတွက် တိုက်ခန်းနှင့် Condo များ ငှားလိုပါသည်။ 5 သိန်းမှ 15 သိန်းအတွင်း။ အမြန်ဆုံး ငှားထွက်သွားအောင်အကျိုးဆောင်ပေးမည်။ ပိုင်ရှင်တိုက်ရိုက်သာဆက်သွယ်ပါ။ (မှတ်ချက်-နိုင်ငံခြားသားအများစု မှာ ဥရောပနိုင်ငံသား များဖြစ်ပါသည်) 09 2529 222 07

**တိုက်ခန်းငှားမည်**
လသာမြို့နယ်၊ (၁၇)လမ်း၊ မြေညီထပ်၊ ပေ(၁၂×၅၀)
**ဆက်သွယ်ရန်-၀၉-၇၃၀၄၆၄၃၃၊ ၀၉-၇၉၅၃၃၆၃၃၂**

## ဝန်ထမ်းအလိုရှိသည်

**T.T.O Co., Ltd** အတွက် **Promotion & Marketing** ဆောင်ရွက်ရန် ထက်မြက်တက်ကြွ၍ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားသော အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

**(1) Medical Representatives** ကျား/မ (၁၀) ဦး
**M.B.,B.S (or ) B.Pharm**
အလုပ်အတွေ့အကြုံမလိုအပ်ပါ။

**(2) Office Staff** မ (၁၀) ဦး
အသက် (၂၅ ) နှစ်အောက်
သိပ္ပံတွဲ့ရ / ကွန်ပြူတာ အခြေခံသင်တန်းပြီးသူ ဖြစ်ရမည်။

လျှောက်ထားရန်လိပ်စာ
T.T.O We bring the best
အမှတ်- 1008 (A)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(Monday - Saturday ရုံးချိန်အတွင်း)
**ဖုန်း - 09975935704, 09975935705**




သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# “အထူးဂုဏ်ယူဝမ်းမြောက်ခြင်း”

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ္ဍာရေးကဏ္ဍမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြည်သူများ၏ တစ်ခဲနက်ထောက်ခံအားပေးမှုနှင့်အတူ မြန်မာ့ဘဏ်သမိုင်းတွင် ပထမဆုံးအဖြစ် **“ကမ္ဘောဇဘဏ်လီမိတက်”** မှ

## “ဘဏ်ခွဲ(၅၀၀)ပြည့်” ကို

၂၀၁၇–ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် **“ကမ္ဘောဇဘဏ်လီမိတက်”** အနေဖြင့်

- နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန်ကို တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၅)နှစ်ဆက် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့ခြင်း၊
- နိုင်ငံတော်နှင့်ပြည်သူအတွက် စုစုပေါင်းကျပ်ငွေ (၁၃၅)ဘီလီယံကျော် လှူဒါန်းခဲ့ခြင်း၊
- နိုင်ငံအတွင်းအောင်မြင်သောစီးပွားရေးလုပ်ငန်းရှင် အမြောက်အမြားပေါ်ထွန်းလာအောင် ပံ့ပိုးကူညီ ဖော်ဆောင်ပေးနိုင်ခဲ့ခြင်း၊
- နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ္ဍာရေးကဏ္ဍတွင် အဓိကအခန်းကဏ္ဍမှ အထောက်အကူပြုနိုင်ခဲ့ခြင်းများအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

# "ဂုဏ်ယူဝမ်းမြောက်ခြင်း"

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ဘဏ္ဍာရေးကဏ္ဍမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ပြည်သူများ၏ တစ်ခဲနက်ထောက်ခံ အားပေးမှုနှင့်အတူ မြန်မာ့ဘဏ်သမိုင်းတွင် ပထမဆုံးအဖြစ်

**"ကမ္ဘောဇဘဏ်လီမိတက်"** မှ

# "ဘဏ်ခွဲ(၅၀၀)ပြည့်" ကို

၂၀၁၇–ခုနှစ် နိုဝင်ဘာလ(၁၀)ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပြည်သူပြည်သားများအားလုံး အစဉ်အမြဲ အားကိုးအားထားရသော နိုင်ငံတကာအဆင့်မီ အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

IBTC ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ရီ(ပုလော/ကျောက္ကာ/မြိတ်) (၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၉/၇၁)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးစာရား-ဒေါ်ဆိုးမေ)တို့၏ သမီး၊ (ဦးမကပ်-ဒေါ်မဂွန်း)တို့၏ သမီးချွေးမ၊ ဦးဘရှန်(ပုလောမြို့နယ်အသင်းရန်ကုန်၏ ဂုဏ်ထူးဆောင်နာယကကြီး)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ဂင်ညို၊ ဒေါ်ဂင်ရီ-ဦးစံဝင်း(ထူးထူးတိုး အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်)၊ ဒေါ်တင်တင်အေး၊ ဦးဝင်းနိုင်-ဒေါ်နီနီအေး၊ ဦးကျော်ကျော်(ဒု-ဥက္ကဋ္ဌ၊ မြိတ်အများပိုင်ကုမ္ပဏီလီမိတက်)-ဒေါ်ချိုချိုစန်း၊ ဒေါ်သီသီထွေး-ဦးမြအောင်(ခ)ဦးယွန် (ထူးထူးတိုး အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်)တို့၏ချစ်လှစွာသောမွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၂း၁၅ နာရီတွင် ဘန်ကောက်မြို့ Bumrungarad ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ရီ(ပုလော/ကျောက္ကာ/မြိတ်)

**အသက်(၈၆)နှစ်**

ဦးကျော်ကျော်(ဒု-ဥက္ကဋ္ဌ၊ မြိတ်အများပိုင်ကုမ္ပဏီလီမိတက်)-ဒေါ်ချိုချိုစန်း တို့၏ မိခင် ဒေါ်တင်ရီသည် ၁၄-၁၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညီညီသွေး-ဝတ်မှုန်လွင်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

## ဦးသန်းအောင် (၇၈)နှစ်

**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ သိမ်ရွာနေ (ဦးထွန်းခင်-ဒေါ်သော်)တို့၏ သားကြီး၊ မြင်းခြံခရိုင်၊ ဆီမီးခုံကျေးရွာနေ (ဦးဘမှူး-ဒေါ်ပြေ)တို့၏ သားသမက်၊ ဆီးမီးခုံကျေးရွာနေ (ဒေါ်မိန်းကလေး)၊ (ဒေါ်တင်)၊ (ဒေါ်ခင်)၊ ဒေါ်ထင်တို့၏မောင်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ်(၆၁၅/ဂျေ)နေ ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသီဟအောင် (TAS Co., Ltd.)-ဒေါ်ခင်စပါယ်မိုး(Hiang Kie Coffee Myanmar Co., Ltd.)၊ ဦးသူရအောင် (eTrade Myanmar Co., Ltd.)-ဒေါ်သီတာကျော်မြင့်သိန်း၊ နေပြည်တော်နေ ဒုတိယဗိုလ်မှူးကြီးလှမျိုး-ဒေါက်တာထင်လပြည့်ဝန်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မောင်ဟိန်းလင်းထက်၊ မရွှေအိမ်လင်း၊ မောင်ထူးမြတ်လင်း၊ မမေလင်းလက်မျိုးတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ဆီမီးခုံကျေးရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၇ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (အမှတ်-၆၁၅/ဂျေ၊ ပြည်လမ်းနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၁၇(တနင်္လာနေ့) နံနက် ၇ နာရီတွင် အမှတ်-၆၁၅/ဂျေ၊ ပြည်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်ဒါယကာကြီး

## ဦးသန်းအောင်

**အသက်(၇၈)နှစ်**

**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**

မိဘသဖွယ် အမြဲကူညီစောင့်ရှောက်ပေးပါသော ကျေးဇူးရှင်အစ်မကြီး ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်း ကျေးဇူးရှင် ဆရာဦးသန်းအောင် အသက် (၇၈)နှစ်သည် ၁၄-၁၁-၂၀၁၇ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ဆီမီးခုံကျေးရွာနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ**
**ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးနိုင်ဝင်း(ခ)ဦးပိန် (၅၃)နှစ်

ရန်ကုန်မြို့၊ ရေကျော်ဝတ်ကျောင်းလမ်း၊ အမှတ်(၁၄)နေ (ဦးလှဝင်း-ဒေါ်တင်ဝင်း)တို့၏သားငယ်၊ ဦးသန်းဝင်း(Crew Manager S.R.S Co., Ltd)-ဒေါ်နီနီစိုး (အလပြ၊ အထက-၄၊ ဗိုလ်တထောင်) [ဦးမြင့်သိန်း(ခ)ဦးချွတ်]-ဒေါ်မို့မို့ဝင်း၊ ဦးစန်းဝင်း (BSN, SRS Co., Ltd)-ဒေါ်နှင်းနှင်းအေး (ကထိက၊ ပထဝီဝင်ဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ ညီ/မောင်၊ ဒေါ်ဥမ္မာဝင်း(Manager Thanzay Branch,Yoma Bank)၏ ချစ်လှစွာသောအစ်ကို၊ မသော်တာစိုးမိုး (GTB)၊ မချိုးနန္ဒီစိုးမိုး (အလုပ်သင်ရှေ့နေ)၊ မနှင်းသီတဂူ (တက္ကသိုလ်ဝင်တန်းအောင်၊ T.T.C)၊ မောင်ဟိန်းဝေလင်းမြင့် (သတ္တမတန်း-C၊ ဗိုလ်တထောင်-၆)တို့၏ ချစ်လှစွာသောဦးလေးသည် ၁၃-၁၁-၂၀၁၇ (တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက်တွင် အမှတ် (၁၇)၊ သုံးလွှာ၊ မဟာသုခလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်တင်ရီ (၈၆)နှစ်

**(ပုလော/ကျောက္ကာ/မြိတ်)**

**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**

**အသင်းဝင်အမှတ်-၂**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်(၆၉/၇၁)နေ ဦးဘရှန် (ပုလောမြို့နယ်အသင်း-ရန်ကုန်၏ ဂုဏ်ထူးဆောင်နာယကကြီး)၏ဇနီးသည် ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အသင်းမှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စောကြည်(လက်ပံတန်း)

**အသက်(၇၉)နှစ်**

လက်ပံတန်းမြို့၊ ဘုရားငါးဆူလမ်းနေ (ဦးတင်-ဒေါ်ကြွေ)တို့၏ ဒုတိယသမီး၊ သန်လျင်မြို့၊ ဆောက်လုပ်ရေးဝင်း၊ အမှုထမ်းရပ်ကွက်နေ ဦးစောမင်းစိန်(သ/မ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ သားသမီးခြောက်ယောက်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ချစ်လှစွာသောဘွားဘွား ဒေါ်စောကြည်သည် ၁၃-၁၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ရွှေ(ဝင်းကမ္ဘာနိဗ္ဗာန်ကုန်တိုက်) အသက်(၁၀၀)

ရန်ကုန်မြို့၊ ဗဟန်းအုတ်လမ်း၊ အမှတ် (၄၂/၄၄)၊ ရွှေနံ့သာရပ်ကွက်နေ (ဦးစိန်လှိုင်)-ဒေါ်တင်ရီ (မန်းရွှေရည်နိဗ္ဗာန်ကုန်တိုက်)၊ ဒေါ်ဝင်းကြည် (ဝင်းကမ္ဘာ နိဗ္ဗာန်ကုန်တိုက်)၊ (ဦးကျော်သိန်း)-ဒေါ်အေးအေးစီ(လောကနတ်နိဗ္ဗာန်ကုန်တိုက်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် (၁၁၅/A)၊ ရေတာရှည်လမ်းဟောင်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အမှတ် ၄၂/၄၄၊ ဗဟန်းအုတ်လမ်းနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မိမိ(စစ်ကိုင်း) (၉၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံအိမ်ရာ၊ ရတနာပုံ (၄)လမ်း၊ အမှတ်(၃)နေ [ဦးပေါရှန်-ဒေါ်စောထွေး (စစ်ကိုင်း)]တို့၏ သမီး၊ [ဦးဘတုတ် (ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)]၏ဇနီး၊ [ဦးမင်းဟန် (ဒုညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန]-ဒေါ်ခင်ဌေးမြင့်၊ ဗိုလ်မှူးကြီးမင်းဆွေ(ငြိမ်း)-(ဒေါ်မြင့်မြင့်ဌေး)၊ ဦးကျော်သူ-ဒေါ်မာလာမြင့် (အကြီးတန်းအထွေထွေမန်နေဂျာ၊ မြဝတီဘဏ်လီမိတက်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်မိမိသည် ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၅၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးကြီးမြမောင်(ငြိမ်း) (၉၅)နှစ်

**(ကြည်း-၆၇၇၃) OTS-10**

ရန်ကုန်မြို့၊ အမှတ်(၂၂)၊ သုနန္ဒလမ်း၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဒေါ်တင်မိုးရည်)၏ခင်ပွန်း၊ (ဒေါ်မေသန်းစိုး)-ဒုဗိုလ်မှူးကြီးမောင်ပု(ငြိမ်း)၊ ဒုမှူးကြီးဝင်းဇော်(ငြိမ်း)-ဒေါ်ဇင်မာဦး၊ ဦးမြဇော်မိုး-ဒေါ်နွယ်နီ၊ ဒေါ်မြတ်ဝတ်ရည်-ဦးသန့်ဇင်၊ ဗိုလ်မှူးခင်ဇော်မိုး(ငြိမ်း) (ဆေးဝါးစက်ရုံ-အင်းစိန်)-ဒေါ်ယဉ်မင်းသိမ့်၊ ဒေါ်ဥမ္မာမိုး၊ ဦးနေမျိုးဇော်-ဒေါ်အိချိုဇော်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၅ယောက်၊ မြစ်ရှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၁၇ရက် မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးခင်ဇော် (၈၄)နှစ်

**ကြည်း-၉၆၄၉**

**B.Sc Engg(Electrical) [ကကယ]**

**ဌာနမှူး-ငြိမ်း(ညှိနှိုင်းဆောင်ရွက်ရေးဌာန)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၄၁)နေ (ဦးဘဘူလေး-ဒေါ်ဂွန်း)တို့၏ သားကြီး၊ ဒေါ်ခင်မော်(ခ) ဒေါ်တင်မေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဝင်း(ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာန-ငြိမ်း)၏ အစ်ကိုကြီး၊ (ဦးကိုကိုမောင်)-ဒေါ်ကြည်ကြည်ထွေး (9 Star Construction)၊ ဦးကိုကိုလတ်၊ ဒေါ်ခင်ဝင့်သူ(နဝရတ်မြိုင်စတိုး)တို့၏ ချစ်လှစွာသောဖခင်၊ မအေးမြတ်သူကို၊ မောင်မင်းကျော်သူကို၊ မောင်ဇော်ရဲထွဋ်ကိုတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၃-၁၁-၂၀၁၇ရက် ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှရွှေ(ခ)ဒေါ်ရှုရုံ (၇၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် (၅၂)နေ (ဦးမောင်ကို)၏ဇနီး၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းနု၊ ဦးဝင်းနိုင်-(ဒေါ်တင်တင်နွဲ့)၊ ဝမ်ကျုံးကျန့်-ဒေါ်ဝင်းဝင်းမော်၊ ဦးသိန်းအောင်-ဒေါ်သင်းသင်းခိုင်၊ ဦးတင်ကိုကို-ဒေါ်မြမြအေး၊ ဦးကြည်လွင်-ဒေါ်စိုးစိုးမြင့်၊ လျိုထိန်ကျစ်-ဒေါ်စန်းစန်းမြင့်၊ ကျုံးဝေဟုန်း-ဒေါ်ဝင်းဝင်းဌေး၊ ဦးညီညီထွေး- ဒေါ်ငုဝါဖြိုးတို့မိခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၃-၁၁-၂၀၁၇ရက် ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ ရက် နံနက် ၁၁နာရီတွင် နေအိမ်မှ ဖူကျန့်ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း အမ

## ဒေါ်ခင်စန်းရီ(တောင်ဥက္ကလာပ) (၇၆)နှစ်

ရွှေပေါက်ကံမြို့သစ်၊ အမှတ်(၄၇၄)၊ အောင်ဇေယျလမ်း၊ (၁၂)ရပ်ကွက်နေ (ဦးခင်မောင်ဝင်း-ဒေါ်တင်နု)တို့၏သမီးကြီး၊ (ဦးကျော်လှ-ဒေါ်လှစိန်)တို့၏ သမီးချွေးမ၊ (ဦးရန်အေး)၏ဇနီး၊ ဦးခင်မောင်ပြုံး(ခ)ဦးသက်နိုင်၊ ဒေါ်ခင်မာချို(ခ) ဒေါ်တူးမာ၊ (ဦးသာထင်-ဒေါ်အေးအေးဝင်း)၊ (ဦးဟန်စိုး)-ဒေါ်ညွှန့်ညွှန့်ဝင်း၊ ဦးထွန်းကြည်-ဒေါ်ခင်ချိုဝင်း၊ ဦးအေးမြ-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ဌေးဌေးဝင်း တို့၏ ချစ်လှစွာသောအစ်မ၊ ဦးမြင့်ဆွေ-ဒေါ်အေးအေးအောင်၊ ဦးရန်သိမ်းအေး၊ ဦးရန်မျိုးအေး-ဒေါ်သန်းသန်းဆွေ၊ ဒေါ်အေးရီလှိုင်(Myanmar Inno)၊ ဦးတင့်နိုင်ဝင်း-ဒေါ်အေးသန္တာစန်း(စန်းဧပရယ်)တို့၏ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ တူ/တူမ ၁၃ယောက်တို့၏ ချစ်လှစွာသောကြီးကြီးသည် ၁၄-၁၁-၂၀၁၇ရက် နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ချုပ် လှမြင့်ဆွေ (ငြိမ်း)

**အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး(ငြိမ်း)**

**အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

**ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)**

**အသက်(၈၀)**

စစ်ကိုင်းအသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီး ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း)သည် ၁၃-၁၁-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းအသင်း (ရန်ကုန်)**

---

# ဝမ်းနည်းကြေကွဲခြင်း

## စာရေးဆရာကြီး မင်းသစ်

## Bio ဦးမင်းသစ်

## အသက် (၇၂) နှစ်

ချစ်ခင်ရပါသော စာရေးဆရာကြီးမင်းသစ် (Bio ဦးမင်းသစ်)သည် ၈-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမျိုးညွန့်**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း စာရေးဆရာ မင်းသစ် (Bio မင်းသစ်) ၈-၁၁-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀ နာရီမှာ ကွယ်လွန်သွားသည့်အတွက် မိသားစုနဲ့ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြတ်သင်း**

---

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)

## ဦးအဟိန်(ခ)ဝေါင်ဟိန်ကျုံး

**အသက် (၈၇)နှစ်**

**(သက်ကြီးကန်တော့ခံအဘိုး)**

**လပွတ္တာ-ဘီတွတ်**

လပွတ္တာမြို့နယ်နေ (ဦးတိုင်း-ဒေါ်ငြိမ်း)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁၂၇)၊ (၁၆)လမ်း၊ ပထမထပ်နေ ဒေါ်စော၏ ခင်ပွန်းသည် ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၁၁-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ခင်ဝင်းရီ (၆၂)နှစ်

**(ပုလော/နန်းတောင်ရွာ)**

**အသင်းဝင်အမှတ်-၂၂၈၇**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ ပီမိုးနင်းလမ်း၊ အမှတ်(၂၁၃)နေ ဦးအင်စိုး(ဖြိုးမောက်သစ်စက်)၏ ဇနီးသည် ၁၃-၁၁-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## မောင်သူရိန်ဌေး

**အသက်(၃၀)**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ယန္တရားမြေပုံထုတ်လုပ်ရေးတပ်(တောင်ပိုင်း)နေ ဦးအောင်ဝင်း(ခ)ဗိုလ်ချုပ်-ဒေါ်စန်းစန်းမြင့်တို့၏သား၊ (ဦးတင်စိန်)-ဒေါ်ခင်မြင့်တို့၏ သားသမက်၊ မမေသူဝင်းမောင်၊ မောင်အာကာမိုးတို့၏အစ်ကို၊ မအင်ကြင်းကိုကို၊ မခင်ပြည့်ပြည့်ဖူးတို့၏ ဖခင်၊ မဖြိုးဖြိုးစန်း၏ခင်ပွန်း မောင်သူရိန်ဌေးသည် ၁၀-၁၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၇ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၁-၂၀၁၇ ရက်တွင် မင်္ဂလာဒုံမြို့နယ်၊ ပလရအပိုင်၊ ယန္တရားတပ်ခွဲ(တောင်) အိမ်ခြေ ၅၀၊ ၃ လမ်း၊ အမှတ်(၄၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါက်တာ ဦးသန်းဝင်း (၈၇)နှစ်

**[M.B.B.S, M.Sc(Surgery)]**

**ခွဲစိတ်အထူးကုဆရာဝန်ကြီး(ငြိမ်း)**

ရန်ကုန်မြို့၊ (၁၄)လမ်းနှင့် (၄၉)လမ်းနေ (ဦးချန်ချောင်ဖောင်း-ဒေါ်မိ)တို့၏ သား၊ (ဦးပေါ-ဒေါ်ငန်)တို့၏သားသမက်၊ (ဒေါ်တင်တင်လှ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်သိန်း-ဒေါ်ကြည်ကြည်ဝင်း (ရွှေသိန်းဘရားသား သားရေလုပ်ငန်း)၊ ဦးဖူးစိန် (C/E MTM Ship Management)-ဒေါ်မေရီလှ၊ ဦးအောင်မျိုး-ဒေါ်စန်းစန်းဝင်း [PC Myanmar (Hong Kong) Ltd]၊ ဒေါ်မာမာဝင်း၊ ဒေါ်ခင်လှဝင်းတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်သော်မင်းလတ်(S'Pore)၊ မအိအိခိုင်(S'Pore)၊ မောင်အောင်မြင့်မြတ်၊ မရီရီဝင်း၊ မောင်အောင်သုတဉာဏ်(PISM)တို့၏ချစ်လှစွာသောအဘိုး ဦးသန်းဝင်းသည် ၁၃-၁၁-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၉၈)၊ (၄၉)လမ်းလယ်၊ (၅+၆)လွှာ၊ ပုဇွန်တောင်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၇ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှိုင်ဝင်း(လေးမျက်နှာ) (၈၅)နှစ်

**ရန်ကင်း**

(ဦးစု-ဒေါ်ဟုန်ကြူ)တို့၏ သား၊ (ဦးဒအောင်ဘ-ဒေါ်တင်)တို့၏ သားသမက်၊ ဒေါ်သန်းနု၏ခင်ပွန်း၊ (ဦးသိန်းဝင်း)၊ (ဦးစိန်ဝင်း)၊ (ဦးကြည်ဝင်း)၊ ဦးလှဝင်း၊ (ဦးမြဝင်း)တို့၏ညီ၊ ဦးကြိုင်ဝင်း၊ (ဒေါ်ခင်ဝင်း)တို့၏အစ်ကို၊ ဦးတိုးအောင်-ဒေါ်ဥမ္မာလှိုင်၊ (မောင်ကောင်းကြွယ်)၊ (မောင်မိုးကျော်သူ)၊ မောင်စိုးကျော်သူတို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးလှိုင်ဝင်းသည် ၁၃-၁၁-၂၀၁၇ရက် ည ၈း၁၅နာရီတွင် တိုက်(ဘီ)၊ အခန်း(၈၂၈)၊ မုဒိတာ(၁)အိမ်ရာ၊ သမိုင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၇ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) (၅၈)နှစ်

**တေဇ(၉)**

ရန်ကုန်မြို့၊ အမှတ်(၁၄၃)၊ အနော်ရထာလမ်း၊ အနန်းပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးဖြိုး)-ဒေါ်လှစိန်တို့၏သားကြီး၊ ဦးတင်အုန်း-(ဒေါ်အမာကြည်)တို့၏သားသမက်၊ ဦးမိုးကျော်သူ-ဒေါ်ညွှန့်ညွှန့်ဝင်း၊ ဒေါ်အေးအေးမိုး၊ ဗိုလ်မှူးကြီးဇော်မန်းဖြိုး-ဒေါ်စံပယ်ဖြူ၊ ဦးဝင်းဇော်ဖြိုး(ခေတ္တ-ဂျပန်)-ဒေါ်မေစံပယ်တို့၏အစ်ကိုကြီး၊ မထက်ထက်အေးကျော်၊ မမြတ်မွန်ကျော်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ကြူကြူ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၄-၁၁-၂၀၁၇ ရက် နံနက် ၆း၁၀နာရီတွင် မြောက်ဥက္ကလာပ O.S.C ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၁-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း

## ဦးလှမြင့်သိန်း(ဇလွန်)

**အသက်(၈၆)နှစ်**

ဒေါက်တာဒေါ်မမလေး၏ခင်ပွန်း ဦးလှမြင့်သိန်းသည် ၁၁-၁၁-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးခင်မောင်ဝင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ လမ်းမတော်)-မိသားစု**



## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ၌ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံခြင်းသည် တစ်ခုအပါအဝင်ဖြစ်

သတင်းစာမျက်နှာ - ၅



## MICA အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့သို့ ကွင်းဆင်းလေ့လာ စိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာ တင်သွင်း

သတင်းစာမျက်နှာ - ၆

# စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုအဆင့်အစည်းအဝေးမှ ပူးတွဲသတင်းထုတ်ပြန်ချက် ထုတ်ပြန်

**နေပြည်တော်  နိုဝင်ဘာ  ၁၅**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Abul Hossain, ndc, psc, P Eng ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် ကိုယ်စားလှယ် ၁၄ ဦးသည် နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိပြီး နိုဝင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် သင်္ဂဟဟိုတယ်၌ ကျင်းပသည့် စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုအဆင့်အစည်းအဝေးကို တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်မျိုးဆွေဝင်း ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ပြီး စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှု ဗဟိုအဆင့်အစည်းအဝေးနှင့်စပ်လျဉ်းသည့် ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ပူးတွဲသတင်းထုတ်ပြန်ချက်၌ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း ဖော်ပြထားသည်-

စာမျက်နှာ ၇ ကော်လံ ၁ သို့




# ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် ၃) တည်ဆောက်မည်

**ရန်ကုန်  နိုဝင်ဘာ  ၁၅**

ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် JICA (ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနတို့ ပူးပေါင်း၍ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် ၃) ကို တည်ဆောက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ သိရသည်။

ပဲခူးမြစ်ကူးတံတား နှစ်စင်း (သန်လျင်တံတား အမှတ် ၁၊ ၂) ရှိရာတွင် အမှတ် (၁) တံတားမှာ ကားလမ်းတစ်ဖက် တစ်ချက်စီနှင့် အလယ်တွင် ရထားလမ်းပါ ထည့်သွင်း တည်ဆောက်ထားသော်လည်း လက်ရှိတွင် ယာဉ်အစီးရေ တိုးတက်များပြားလာခြင်း၊ သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ရှိနေပြီး အဆိုပါသန်လျင်တံတား အမှတ်(၁)၏ ဘေးတွင် သန်လျင်တံတား အမှတ်(၃)ကို ဂျပန်နိုင်ငံ၏ ကူညီ ထောက်ပံ့မှုဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့